# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၈) ရက် ၊ သောကြာနေ့ ၊ (8-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ရုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် စက်တင်ဘာ ၇**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁သို့**


ပွဲကောက်ရေတံခွန်

(BE.FALLS)

အပန်းဖြေစခန်း




**Sky Cable Car**ကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီ ဖြစ်ပါသည်။

ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတကာ စာတတ်မြောက်ရေးနေ့

စက်တင်ဘာ ၈ ရက် (ယနေ့)သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်သည်။ အသိအလိမ္မာ တိုးတက်ရန်နှင့် လူအချင်းချင်း ကူးလူးဆက်ဆံနိုင်ရန်အတွက် လူတိုင်းစာတတ်မြောက်ရန်လိုပေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသည့်အတိုင်း စာကောင်းပေကောင်းများကို ဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတများကြွယ်ဝကာ မိမိ၏လုပ်ငန်းများတွင်လည်း အောင်မြင်မှုများ ရရှိစေမည်ဖြစ်သည်။

နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှာ အရေးကြီးလှပေသည်။ နိုင်ငံတစ်ခုတည်ဆောက်ရာတွင်လည်း စာတတ်မြောက်သူများနှင့် ထူထောင်မှသာ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ပေသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးနောက်ပိုင်းတွင် ဆင်းရဲခြင်း၊ အတွေးအခေါ်နောက်ကျခြင်းတို့ကြောင့် နိုင်ငံအသီးသီးတွင် စာမတတ်သူများပြားခဲ့သည်။ စာတတ်မြောက်သူများဖြစ်လာစေရန်အတွက် စာတတ်မြောက်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ကရက်ကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်ထိ အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည်။ အဆိုပါ ကွန်ကရက်ကြီး စတင်ကျင်းပခဲ့သည့် စက်တင်ဘာ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် ၁၉၆၆ ခုနှစ်တွင် ကျင်းပသော ယူနက်စကိုအထွေထွေညီလာခံကြီးက တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ကြိုးပမ်းဆောင်ရွက်ကြရန်၊ ထင်သာမြင်သာဖြစ်အောင် ဆောင်ရွက်ကြရန်နှင့် အင်အားပြည့်ဆောင်ရွက်ကြရန် ယူနက်စကိုအဖွဲ့ချုပ်က ဆောင်ပုဒ်များ သတ်မှတ်ပေးပြီး နှိုးဆော်တိုက်တွန်းလျက်ရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းများ၊ ၁၉၆၄ ခုနှစ်တွင် အသက် ၁၆ နှစ်နှင့်အထက် စာမတတ်သူများကို အခြေခံစာတတ်မြောက်စေရန်အတွက် အရေး၊ အဖတ်၊ အတွက် ဟူသော 'အ'သုံးလုံးကျေစာသင်ပေးခြင်းများကို ၁၉၆၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ၂၄ နှစ်တာကာလအတွင်း မြို့နယ်ပေါင်း ၂၉၇ မြို့နယ်တွင် ဆရာ၊ ဆရာမပေါင်း ၄၉၀၇၉၈ ဦးက လူဦးရေ ၂၄၁၀၉၇၉ ဦးကို စာတတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိကြသည်။ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ယူနိုင်ကြသည့် ကလေးငယ် ၂ ဒသမ ၇ သန်းရှိကြောင်း ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၃၀ အရ ကျောင်းပြင်ပရောက်ကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ စာမတတ်လျှင် အကန်းနှင့်တူသည်ဟူသော ဆိုစကားအရ စာမတတ်ပါက ဘဝတွင် ကြုံတွေ့လာရသော အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘဲ ထင်ရာမြင်ရာလုပ်တတ်ပေသည်။ ထို့ကြောင့် အမှား၊ အမှန်ပိုင်းခြားနိုင်ပြီး အသိပညာဗဟုသုတများတိုးပွားစေရန် စာတတ်အောင် သင်ယူကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး စက်တင်ဘာ ၇**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ်အခမ်းအနားကို မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က ယခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ ဆောင်ပုဒ်မှာ Together for Clean Air ၊ လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့ ဟူ၍ဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းများနှင့် ဆိုးကျိုးများကို ပြည်သူလူထုအတွင်း ပိုမိုသိရှိနားလည်ကာ မှန်ကန်ခိုင်မာပြီး ထိရောက်သည့် အဖြေများကို ရှာဖွေလျက် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေယံဝင်းအောင်က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို အသိပညာပေးမျှဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကိုမေးမြန်းဆွေးနွေးခဲ့ကြပြီးနောက် မေးမြန်းဆွေးနွေးမှု အစီအစဉ်မှ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေယံဝင်းအောင်၊ အခြားဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၁၈၄)

## မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး စက်တင်ဘာ ၇**

မန္တလေး ကားဈေးကွက်တွင် မော်ဒယ်မြင့် ဘယ်မောင်းနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိသော ကားအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေပြီး ကားဈေးနှုန်းများလည်း တည်ငြိမ်စ ပြုလာပြီဖြစ်ကြောင်း မန္တလေးမြို့ လမ်း ၆၀ ကားဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ ယခုအခါ ငွေကျပ်သိန်း ၅၀၀ အောက် MDY လိုင်စင်ကားဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာစတာဒီမီယို၊ ဝှစ်ရှ်စသည့်ကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဝှစ်ရှ်အမျိုးအစားများတွင် ငွေကျပ်သိန်း ၃၅၀ ခန့်ဈေးတန်းရှိ ကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ဝယ်ရောင်းများအနေဖြင့် ဆိုင်ကယ်ရှာရခက်လာခြင်းကြောင့် တစ်ပတ်ရစ်ဆိုင်ကယ်များ ဈေးမြင့်တက်နေပြီး အသစ်ဘီးများမှာ အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း)ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၁ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

## မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ (နီ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲစင်းငုံ(နီ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပဲစင်းငုံ(နီ)များဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်၌လည်း အရောင်းအဝယ် ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(နီ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အရင်က ပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ ပဲစင်းငုံ (နီ) အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိက အရောင်းအဝယ် ကောင်းနေတာကြောင့် မန္တလေး ဈေးကွက်အတွင်းမှာလဲ ဈေးကောင်းပြန်ရနေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ်လနောက်ဆုံးပတ်က ပဲစင်းငုံ(နီ) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲစင်းငုံ(နီ) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုက ပဲစင်းငုံ(နီ)တွေလဲ မန္တလေးဈေးကွက်ထဲ ဝင်လာပြီဆိုတော့ ကုန်သည်တွေ အဝယ်ပြန်လိုက်တယ်။ အရောင်းအဝယ်လဲ ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ ဓာတ်ပုံ အဖွဲ့–၀၃၃–၇၂၇၈၁၀၉–၄၅၈၈၉၁၃၀၀၊ကြော်ငြာ–၈၄လမ်းနှင့်၂၉–၃၀လမ်းကြား–၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုဗ္ဗသီရိမြို့နယ် ကြံဖိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု ကြံဖိုကျေးရွာ၌ နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်တင်တင်ခိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့်တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကြံဖိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်တင်တင်ခိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ပုဗ္ဗသီရိမြို့နယ် ကြံဖိုကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဩဂုတ်လ ဒုတိယပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၈၂ အိမ်၊ လူ ၆၉၈ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုက ပြောပြ၍ သိရသည်။

**သုသု**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဆင်တဲတိုက် မြသိဂီကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၇၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဆည်တော်ကြီးရေလှောင်တမံမှရေဖြင့် စိုက်ပျိုးရေပေးဝေသည့်အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် ဆောင်ရွက်ပေးနေ



**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှရေဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက်လည်း ဆောင်ရွက်ပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြ၍ သိရသည်။

အဆိုပါ ရေလှောင်တမံသည် နှစ်စဉ်စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ၁၂ ဒသမ ၅ မဂ္ဂါဝပ်စွမ်းအားရှိသော Generator နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၁၁၀ ခန့် ထုတ်လွှတ်နေသည့် ဘက်စုံရေလှောင်တမံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေကြောင်း၊ ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါး ၆၉၃၂၇ ဧကနှင့် အခြားသီးနှံဧက ၄၁၄၀ စုစုပေါင်း ၇၃၄၆၇ ဧကကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပြီး မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးနှင့်အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်အတွက် ယခုနှစ် ဇွန် ၁၅ ရက်မှ စတင်ကာ ရေပေးဝေခဲ့ရာ မိုးစပါးလျာထား ဧက ၇၅၆၆၀ ရှိသည့်အနက် ယနေ့ထိ ၇၃၅၇၁ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ မိုးစပါးလျာထားဧကအားလုံး စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေလှောင်တမံ၌ သိုလှောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

“ဆည်တော်ကြီးရေလှောင်တမံက ရေကို တောင်သူတွေအတွက် စိုက်ပျိုးရေပေးဝေနိုင်အောင် သိုလှောင်ထားရှိပြီးဖြစ်ပါတယ်။ ရေလှောင်တမံရဲ့ ကန်ရေပြည့်ရေလှောင်ပမာဏဟာ ဧကပေ ၃ ဒသမ ၆၃ သိန်းဖြစ်ပြီးတော့ ဒီနေ့ထိ ရေလှောင်ပမာဏက ဧကပေ ၃ ဒသမ ၁၉ သိန်းကို တမံရဲ့ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ သိုလှောင်ထားရှိပြီးဖြစ်ပါတယ်”ဟု ဦးမျိုးမင်းသန့်က ပြောပြသည်။

(၁၈၅)

# မန်တုံမြို့နယ် ဒဘန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မန်တုံ စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒဘန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဒဘန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားသည်။

မန်တုံမြို့နယ် ဒဘန်ကျေးရွာ၌ အရှည်လေးမိုင် စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ အရှည် ၂၅ပေ၊ အကျယ် သုံးပေ၊ အမြင့် ငါးပေ ရေတားတမံတည်ဆောက်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၅၆၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် BCD ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒဘန်ကျေးရွာရှိ လူနှင့် တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# မင်းဘူးမြို့နယ် အိုင်းမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ အိုင်းမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုင်းမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၂၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၇၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမာ**



# ဘဘကြီးကို ဆည်းကပ်ကြပါ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ လူတွေ အခုတစ်လောမှာ ဘာတွေဇောကပ်နေကြသလဲဆိုတာ ငါစဉ်းစားလို့မရဘူးကွာ။ ဇောတွေကတော့ အများကြီးရှိတာပေါ့ကွာ။ လောဘဇော၊ ဒေါသဇော၊ မောဟဇော၊ ရာဂဇော၊ တဏှာဇော ဇောပေါင်းစုံကိုပြောရမယ်ဆိုရင် ပြောကုန်မှာမဟုတ်ဘူးကွ။ ဇောရဲ့အဓိပ္ပာယ်ကို မင်းသိရဲ့လား"

"အသေးစိတ်တော့မသိဘူးပေါ့ကွ။ သေငယ်ဇောနဲ့ သေခါနီးမှာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေကြသူတွေ၊ လောဘဇောနဲ့ မရရရရင့်ရွေခွက်ပေးလို့ ဥစ္စာရှူးရှူးနေကြသူတွေ၊ ဒေါသဇောနဲ့ ရိုက်နှက်သတ်ဖြတ်နေကြတာတွေလောက်တော့ အကြမ်းဖျင်းသဘောနားလည်နေတယ်။ မင်းသိထားတာကို ရှင်းပြစမ်းပါအုံးကွာ"

"မြန်မာအဘိဓာန်မှာ **ဇော**ဆိုတာက **အရှိန်အဟုန်ဖြင့်ဖြစ်သောစိတ်**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ **ဇောကပ်**တယ်ဆိုတာက **စွဲလမ်းငြိတွယ်သည်**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ **ဇောရှူးမြန်**ဆိုတာက **စိတ်တုန်လှုပ်ချောက်ချားခြင်း၊ ဝေဒနာပြင်းထန်ခြင်းတို့ကြောင့် ချွေးစေးအကြိမ်ကြိမ်ထွက်သည်**လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်ကွ။ မင်းပြောတဲ့ **ဇောကပ်**နေတယ်ဆိုတာက ဘာကို အကြောင်းပြုဇောကပ်နေကြတာလဲကွ"

"သိပ်တော့အရေးမပါပါဘူးကွာ။ ဒါပေမဲ့ အသင်းအဖွဲ့တွေ၊ ပရဟိတလုပ်ငန်းတွေမှာ နေရာယူချင်ကြတဲ့ ပြဿနာတွေပဲကွ။ နေရာရလိုမှုဇောနဲ့ ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့လေးအတွင်းမှာ စိတ်ဝမ်းကွဲပြားကုန်ကြတာပဲကွ"

"ဘာ နေရာဟုတ်လား။ နေရာရလိုမှုဟာ လောကကြီးမှာ သိပ်အရေးကြီးတာကွ။ သူ့နေရာနဲ့သူ အရေးပါကြတာပဲကွ။ အနိမ့်ဆုံးအဆင့် ဟိုးရှေးခေတ်တုန်းက သုသာန်သချိုင်းတွေမှာ သုဘရာဇာရယ်လို့နေရာပေးခဲ့ရတာကွ။ ပြည့်တန်ဆာတွေထဲမှာတောင် ပြည့်တန်ဆာခေါင်းရှိရတယ်။ အလုပ်သမားတွေထဲမှာ ကူလီခေါင်း(အလုပ်သမားခေါင်းဆောင်)ရှိရတယ်။ အလုပ်သမားအများစုအတွက် အလုပ်သမားအစည်းအရုံးဥက္ကဋ္ဌ၊ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌတွေရှိခဲ့ကြတာပဲ။ နေရာဟာ သူ့အဆင့်နဲ့သူ တန်ဖိုးရှိနေကြသလိုလုပ်ပိုင်ခွင့်ရှိနေကြတာပဲကွ။ အဲဒီနေရာပြဿနာဟာ ပျားရည်တစ်စက်ကြောင့် တိုင်းပြည်ပျက်နိုင်တဲ့သမိုင်းဖြစ်စဉ်တွေ၊ သာဓကတွေအများကြီးရှိခဲ့တယ်ကွ"

"ဆိုစမ်းပါအုံး၊ မင်းပြောတဲ့နေရာယူချင်တာက ဘယ်လိုနေရာယူချင်တာလဲ"

"ဒီလိုကွာ။ တို့ရပ်ကွက်ထဲက သမဝါယမအသင်းနှစ်ပတ်လည်အစည်းအဝေးမှာ သမဝါယမအသင်းဥက္ကဋ္ဌကသဘာပတိမလုပ်ရဘဲ ပြီးခဲ့တဲ့နှစ်တုန်းက သမဝါယမအသင်းအမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲတုန်းက ရုပ်ပြသဘောနာယကလုပ်ခဲ့ဖူးသူက အခု နှစ်ပတ်လည်အစည်းအဝေးမှာ သူပဲ သဘာပတိဆက်လုပ်မယ်လို့ မျက်နှာပြောင်တိုက်ပြီး အတင်းနေရာဝင်လုတာကွ။ အသင်းသူ၊ အသင်းသားတွေက ရွေးချယ်တင်မြှောက်ပွဲမပါတဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ ဘာမှကြီးကြပ်ဖို့မလိုဘူး။ လုပ်ထုံးလုပ်နည်းအရ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သမျှကို အသင်းသူ၊ အသင်းသားတွေသိကြဖို့ ရှင်းလင်းတင်ပြရမယ့်အခမ်းအနားဖြစ်တယ်။ ဒါကြောင့် လက်ရှိ သမဝါယမအသင်းဥက္ကဋ္ဌကပဲ သဘာပတိလုပ်သင့်တယ်လို့ သူတစ်ပေါက်ငါတစ်ပေါက် ပွက်ပွက်ညံအောင်ပြောဆိုကုန်ကြတာပေါ့ကွာ။ သမဝါယမအသင်းဥက္ကဋ္ဌကလဲ ရိုးသားအေးဆေးသူဖြစ်လို့ ဘာမျှဝင်မပြောဘူးကွ။ ဒါပေမဲ့ အသင်းသူ၊ အသင်းသားတွေက မကျေနပ်ကြလို့ ပြဿနာတက်ခဲ့ကြတယ်"

"မင်းတို့ရပ်ကွက်ထဲက သမဝါယမအသင်းအမှုဆောင်တွေရဲ့ အားနည်းချက်ပေါ့ကွာ။ အသင်းဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းတွေကို မလေ့လာကြတာလား၊ မသိရှိမကျွမ်းကျင်တာလား၊ အလိုက်သင့်ပင့်ပေးနေကြတာလားဆိုတာ စဉ်းစားစရာပဲကွ။ ရွေးချယ်တင်မြှောက်ပွဲမှသာ သင့်လျော်သူတစ်ဦးဦးက သဘာပတိလုပ်ရတာကွ"

"အသင်းသားတွေထဲက လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သူတစ်ယောက်က အဲဒီလိုမဖြစ်သင့်ဘူးလို့ အကြံပေးတာကို အခုမှ ရပ်ကွက်ထဲရောက်လာပြီး အခုမှ အမှုဆောင်လုပ်ဖူးသူက မဆိုင်သူဝင်မရှုပ်နဲ့ လက်မခံနိုင်ဘူးလို့ ပယ်ချခဲ့တယ်ကွ။ အဲဒီပြဿနာက လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သူဆီကို သတင်းရောက်သွားတော့ တော်တော်ခံပြင်းသွားတယ်။ အသင်းဥက္ကဋ္ဌကို ကျွမ်းကျင်သူက အရေးပေါ်အစည်းအဝေးခေါ်ပေးဖို့တောင်းဆိုပြီး မျက်နှာချင်းဆိုင်ရှင်းလင်းခဲ့ကြတယ်။ ရှင်းလင်းကြတဲ့အခါ အစကတည်းက မတောက်တခေါက်နဲ့ ဒီနေရာကိုရောက်လာခဲ့ကြတဲ့ အရည်အချင်းမရှိသူတွေဟာ မှားပါတယ်လို့ ဝန်ခံခဲ့ကြရတယ်ကွ။ ကျွမ်းကျင်သူက တို့ရပ်ကွက်ထက်အဆင့်မြင့်တဲ့ မြို့နယ်အဆင့်မှာ တာဝန်ထမ်းဆောင်နေသူကွ"

"အင်း ရပ်ကွက်အဆင့်မှာတောင် ဒီလိုဖြစ်နေကြရင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာ မတွေးရဲစရာပါလားကွာ။ စောစောကမင်းပြောခဲ့တဲ့အထဲမှာ အခုမှရပ်ကွက်ထဲရောက်လာ အခုမှအမှုဆောင်လုပ်ဖူးသူတစ်ယောက်က ကျွမ်းကျင်သူတွေညှိနှိုင်းစည်းဝေးဆုံးဖြတ်ထားတာကို လက်မခံနိုင်ဘူးလို့ ပယ်ချတာနဲ့ပတ်သက်လို့ သူကဘယ်လောက်နားလည်လို့လဲ။ မင်းပြောလို့သာ ငါဒီစကားကိုကြားရတာ သူ့အရည်အချင်းဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုတာကို ငါမသိပါဘူး။ ဒါပေမဲ့ အသင်းသူ၊ အသင်းသားတွေရဲ့အကြံပေးချက်ကိုလက်မခံတာဟာ သူ့အရည်အချင်းက သူညည်ဆိုတာကို ပြနေတာပဲကွ။ **တစ်ကြောင်းစာကျက်စာရရုံနဲ့တက်မာနအပြောသန်**နေပုံရတယ်။ အဲဒီအမှုဆောင်ဟာ အဲဒီအသင်းထဲမှာ လုံးဝမရှိသင့်ဘူး။ **ချေးကောင ကျားယံ** ပုံပြင်ထဲကလိုပဲ ကျွမ်းကျင်သူရဲ့အကြောင်းကို ဂဃနဏလုံးဝမသိဘဲ တစ်ဖက်စကားနဲ့၊ ကြားစကားနဲ့၊ ကုန်းချောစကားနဲ့ စဉ်းစားဆင်ခြင်မှုမရှိဘဲ အဓိပ္ပာယ်မဲ့ဇော်ကားမော်ကားပြောဆိုနေတာဟာ စုစည်းညီညွတ်တဲ့အသင်းအဖွဲ့ကို ပြိုကွဲပျက်စီးစေတယ်ကွ"

"သဘာပတိသိပ်လုပ်ချင်နေသူကလဲ အသင်းထဲမှာ စုန်းပြူးလိုပဲ ဘဝင်ရူး ရူးနေပုံရတယ်။ ဩော်. . . ပြောဖို့ကျန်သေးတယ်။ အဲဒီအမှုဆောင်က တာဝန်ကျေပွန်အောင်အလုပ်မလုပ်လို့ သူ့နေရာကို တခြားအမှုဆောင်နဲ့ နေရာအစားထိုးမယ်ပြောတော့ သူနဲ့သူ့အပေါင်းအသင်း သုံးလေးယောက်က အမှုဆောင်ဖွဲ့က နုတ်ထွက်မယ်တဲ့။ ကျန်တဲ့အမှုဆောင်တွေကလဲ သူတို့ထွက်သွားရင် မကန့်ကွက်ဘူးတဲ့ကွ"

"သိပ်မှန်တာပေါ့ကွ။ နေရာယူထားပြီး တာဝန်မကျေပွန်ရင်အသင်းနာတယ်။ အသင်းသူ၊ အသင်းသားတွေနာတယ်ကွ။ နေရာယူထားတဲ့အပြောသမားတွေ၊ တတ်ယောင်ကားတွေ အမှုဆောင်ထဲကထွက်သွားကြရင် အသင်းတောင်သန့်သွားပြီး ခံ့ထည်တည်ငြိမ်သွားနိုင်တယ်ကွ။ ဆွမ်းဆန်ထဲကျတဲ့ ကြွက်ချေးတွေကို ကိုယ့်လက်အပေမခံရဘဲ သူ့အလိုလို ဆန်ခါထဲကလျှောကျသွားရင် မင်းတို့ရပ်ကွက် သမဝါယမအသင်းသန့်ရှင်းတိုးတက်လာမှာ သေချာတယ်ကွ"

"စကားစပ်မိလို့ ပြောရအုံးမယ်။ အသင်းအဖွဲ့အစည်းတွေရဲ့ ပျက်စီးရာပျက်စီးခြင်းရဲ့အကြောင်းရင်းဟာ စည်းလုံးညီညွတ်မှုပြိုကွဲတာပဲကွ။ အသင်းအဖွဲ့စတင်ထူထောင်ခါစမှာတော့ ရည်မှန်းချက်တူ၊ စိတ်တူကိုယ်တူနဲ့ ပျော်ပျော်ပါးပါး လက်တွဲခဲ့ကြတာပဲ။ ဒါပေမဲ့ တာဝန်ယူထားကြရတဲ့နေရာပေါ်မှာမူတည်ပြီး အတွင်းစည်းပြိုကွဲအောင် သပ်လျှိုဖြို့ခွဲကြသူတွေဟာ နေရာတိုင်းမှာရှိခဲ့ကြတယ်။ ရှိနေဆဲလဲဖြစ်တယ်"

"ဥက္ကဋ္ဌနဲ့အတွင်းရေးမှူးကို လှည့်တိုက်ကြတယ်။ ဘဏ္ဍာရေးမှူးနဲ့ စာရင်းစစ်ကို လှည့်တိုက်ကြတယ်။ အဲဒီလိုသပ်လျှိုသွေးခွဲကြသူတွေထဲမှာ (၁) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနေရာမရကြလို့ မစားရတဲ့အမဲ သဲနဲ့ပက်နေကြတဲ့ **ပြင်ပ**ကလူတွေ၊ (၂) အမှုဆောင်အဖွဲ့ထဲမှာ နေရာရထားသူတွေကို ပုဂ္ဂိုလ်ရေးအာဃာတအငြိုးနဲ့ နည်းမျိုးစုံကိုသုံးပြီး ထိုးနှက်နေကြတဲ့ **ပြင်ပ**ကလူတွေ၊ နံပါတ်(၁)နဲ့ (၂)ဟာ **ပြင်ပ**ရန်သူတွေပဲကွ။ နံပါတ်(၃)ကတော့ အမှုဆောင်အချင်းချင်းထဲမှာပဲ လုပ်ပိုင်ခွင့်နေရာကို မက်လာကြရင်းက ကုန်းချော၊ အတင်းပြော၊ လုပ်ကြံပြီး ကွယ်ရာကချောက်တွန်းနေတဲ့ **အတွင်း**လူတွေ၊ (၄) ဘာရယ်မဟုတ်ဘူးကြည့်မရတာတွေ၊ ဘေးသူဆွယ်တာကိုပါရောယောင်ပြီး နောက်ကျောကိုဓားနဲ့ထိုးနေတဲ့ **အတွင်း**လူတွေပဲကွ။ နံပါတ်(၃)နဲ့ (၄)ဟာ အတွင်းရန်သူတွေပဲကွ။ အသင်းအဖွဲ့တိုင်းမှာ **အတွင်းရန်၊ အပြင်ရန်**ရှိကြတယ်။ အဲဒီ အတွင်းရန်၊ အပြင်ရန်တွေရဲ့အန္တရာယ်ကို ကြိုတင်ကာကွယ်ကြဖို့က "**ဘဘကြီးကို ဆည်းကပ်ကြ**"ဆိုတဲ့ စကားရပ်ကို နှလုံးသားမှာ စွဲစွဲမြဲမြဲထင်ဟပ်ကျင့်သုံးနေကြဖို့လိုတယ်"

"**ဘဘကြီးကို ဆည်းကပ်ကြ**ဆိုတာက ဘာကိုဆိုလိုတာလဲကွ"

"ငါ ရှင်းပြပါ့မယ်ကွာ။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်လောက်က ဧရာဝတီတိုင်းဒေသကြီးထဲက မြို့ကြီးတစ်မြို့ကို ငါအပါအဝင် တာဝန်ရှိသူတွေအမှုသွားရောက်စစ်ဆေးခဲ့ရတယ်ကွ။ အဲဒီမြို့ကြီးက အတိုင်အတောပြဿနာကလဲ စုံလွန်းတယ်။ ဘယ်လောက်ထိ အတိုင်တောဝါသနာပါသလဲဆိုရင် အဲဒီမြို့ကို သွားရောက်စစ်ဆေးတဲ့အမှုစစ်အဖွဲ့က သင်္ဘောဆိပ်ကမ်းကမခွာရသေးဘူး စစ်ဆေးရေးအဖွဲ့ကို တိုင်ကြားတဲ့စာက ရန်ကုန်ရုံးချုပ်ကိုရောက်သွားပြီ။ မော်တော်ဘုတ်နဲ့ သွားတိုင်ခဲ့တာကွ။ တို့အဖွဲ့ဝင်တွေကို အဖွဲ့ခေါင်းဆောင်က ဘယ်သူ့ဆီကိုမှမသွားနဲ့၊ မဆက်သွယ်နဲ့၊ လမ်းမှာတွေ့ရင်တောင် နှုတ်မဆက်နဲ့လို့တင်းတင်းကျပ်ကျပ် တားမြစ်ပိတ်ပင်ထားခဲ့တယ်။ ငါဟာ ရခိုင်ပြည်နယ်တစ်နယ်လုံးနဲ့ တခြားပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ လှည့်လည်စစ်ဆေးခဲ့တာ ဘာအနှောင်အဖွဲ့မှမရှိဘဲ လွတ်လွတ်လပ်လပ်သွားလာ၊ ဒေသန္တရဗဟုသုတအဖြာဖြာကိုရယူ၊ ဘုရားစေတီအဆူဆူကို ဖူးမြော်၊ စာရေးဖို့စာပေကုန်ကြမ်းတွေရခဲ့ပေမဲ့ ဧရာဝတီတိုင်းဒေသကြီး အဲဒီမြို့ကို သွားရောက်စစ်ဆေးတဲ့အခါကျမှ အကျဉ်းကျသလိုခံစားခဲ့ရတာကွ။

ငါ့အထက်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့အရာရှိကိုတောင် ငါသွားရောက်ဂါဝရပြုခွင့်မရခဲ့ဘူး။ အစွပ်စွဲခံရသူတွေ၊ သက်သေတွေကို တို့အဖွဲ့က သီးသန့်ထားတဲ့နေရာမှာပဲ ဆင့်ခေါ်တွေ့ဆုံမေးမြန်းစစ်ဆေးခဲ့ကြရတယ်။ ကိုယ့်ထမင်းကိုယ်မှာပြီးစားသောက်ခဲ့ကြရတယ်။ အားလုံးစစ်ဆေးပြီးလို့ တို့အဖွဲ့က စစ်ဆေးတွေ့ရှိချက်ကိုသုံးသပ်ချက်မပေးနိုင်ကြသေးဘဲ ရန်ကုန်ကိုပြန်ဖို့ သင်္ဘောပေါ်တက်ရုံပဲရှိသေးတယ်၊ ရန်ကုန်ရုံးချုပ်ကို တိုင်စာက ရောက်သွားခဲ့တယ်။ တို့အဖွဲ့ကလဲ ဒါမျိုးတွေဖြစ်နေကျမို့ ဘယ်လိုမှသဘောမထားကြဘဲ အစားအသောက်မပျက် ပြန်လာခဲ့ကြတယ်။

အပြန်ညနေစောင်းမှာ တို့အဖွဲ့ရဲ့ခေါင်းဆောင်က တို့ကို တစ်သက်တာမှတ်သားစရာစကားပြောကြားခဲ့တယ်ကွ။ တို့သွားရောက်စစ်ဆေးခဲ့ရတဲ့အသင်းကလဲ မြို့နယ်သမဝါယမအသင်းပြဿနာတွေပဲကွ။ မြို့နယ်သမဝါယမအသင်းဆိုပေမဲ့ မြို့နယ်မှာရှိကြတဲ့ ပါတီကောင်စီကတာဝန်ရှိသူတွေပါ ငြိနေကြလို့ ရုံးချုပ်က ဆင်းလာစစ်ဆေးခဲ့ရတာ။ အဲဒီပြဿနာကိုအကြောင်းပြုပြီး စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က ပြောခဲ့တာ။ အခုတော့ အဲဒီအဖွဲ့ခေါင်းဆောင်လဲ ကွယ်လွန်သွားခဲ့ရှာပါပြီ။ သူပြောခဲ့တဲ့စကားက အသင်းအဖွဲ့တွေအနေနဲ့ ဘာပဲလုပ်လုပ် **ဘဘကြီးကို ဆည်းကပ်ကြ**ဆိုတဲ့စကားကွ။ **ဘဘကြီးကို ဆည်းကပ်ကြ**ရဲ့ ဖွင့်ဆိုချက်က ဒီလိုကွ။

ဘ. . . ဘဝင်မမြင့်ကြပါနဲ့၊

ဘ. . . ဘဝ မမေ့ကြပါနဲ့၊

ဆ. . . ဆုံးဖြတ်ချက် ရှိပါစေ၊

က. . . အမှုဆောင်ကော်မတီဝင် အများစုရဲ့ သဘောတူညီမှုရယူပါ။

"**ဘ ဘ ဆ က ဘဘကြီးကို ဆည်းကပ်ကြ**လို့ ရှင်းပြခဲ့ဘယ်။ အမှုဆောင်ကော်မတီဝင်တိုင်းဟာ နေရာရလာကြရင် ဘဝင်မမြင့်ကြဖို့လိုတယ်။ ဘဝင်မြင့်ရင် ဘဝမေ့လာကြလေ့ရှိတယ်။ ဘဝင်မြင့်၊ ဘဝမေ့ရင် အောက်ခြေလွတ်ပြီး အမြင့်ကကျပြီး ဒုက္ခရောက်ကြရတယ်။ ဘာပဲလုပ်လုပ် အမှုဆောင်ကော်မတီဝင် အများစုရဲ့သဘောတူညီချက်ကို အနည်းစုကလိုက်နာပြီး ဆုံးဖြတ်ချက်ကိုအတည်ပြုပါ။ အဲဒီဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရင် အမှားနည်းပြီး အန္တရာယ်ကင်းတယ်။ ပြေလည်အောင်ဖြေရှင်းနိုင်တယ်လို့ ရှင်းပြခဲ့တာကွ"

"တော်တော်လေးနက်မှန်ကန်တဲ့စကားပဲ"

"အမှုဆောင်အားလုံးရဲ့ဆုံးဖြတ်ချက်နဲ့လုပ်ဆောင်ရင် အမှားနည်းအန္တရာယ်ကင်းပေမဲ့ မှန်တယ်လို့လဲ တရားသေတွက်လို့မရဘူး၊ အသင်းသူ၊ အသင်းသားတွေထဲက ကိုယ့်ထက်အတွေ့အကြုံရှိသူတွေရဲ့ အကြံပြုချက်ကိုလဲ လက်ခံစဉ်းစားပေးကြရမယ်ကွ။

ဒီနေ့ မျက်မှောက်ကာလမှာရှိနေကြတဲ့ အသင်းအဖွဲ့တွေမှာလဲ **ဘဘကြီးကိုဆည်းကပ်ကြ**ထုံးကို နှလုံးမူရင် ဘယ်သူတွေပဲတိုင်တိုင် ဘယ်လိုပြဿနာမှ မဖြစ်ပွားနိုင်ဘူးကွ။ ရှေးရိုးစကားနဲ့ပြောရရင် **ဝိုင်းကြီးချုပ်စနစ်**ဆိုပါတော့ကွ။ မင်းတို့ရပ်ကွက်ထဲက သမဝါယမအသင်းအမှုဆောင်တွေထဲမှာ **ဘဘကြီးကို ဆည်းကပ်ကြ**ထုံးကိုနှလုံးမမူလို့ ပြိုကွဲစပြုလာတာပဲကွ။ အသေးအမွှားနေရာလေးကို ရလာတယ်။ အသင်းကလဲ အောင်မြင်လာတယ်ဆိုတော့ ဘဝင်မြင့်လာကြတယ်။

❖ ဒီနေ့ မျက်မှောက်ကာလမှာရှိနေကြတဲ့ အသင်းအဖွဲ့တွေမှာလဲ ဘဘကြီးကိုဆည်းကပ်ကြထုံးကို နှလုံးမူရင် ဘယ်သူတွေပဲတိုင်တိုင် ဘယ်လိုပြဿနာမှ မဖြစ်ပွားနိုင်ဘူးကွ။ ရှေးရိုးစကားနဲ့ပြောရရင် ဝိုင်းကြီးချုပ်စနစ်ဆိုပါတော့ကွ။ မင်းတို့ရပ်ကွက်ထဲက သမဝါယမအသင်းအမှုဆောင်တွေထဲမှာ ဘဘကြီးကိုဆည်းကပ်ကြထုံးကို နှလုံးမမူလို့ ပြိုကွဲစပြုလာတာပဲကွ။ အသေးအမွှားနေရာလေးကို ရလာတယ်။ အသင်းကလဲ အောင်မြင်လာတယ်ဆိုတော့ ဘဝင်မြင့်လာကြတယ်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ကွမ်းသီးစိမ်း အလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာ

**ဝါးခယ်မ အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ကွမ်းသီးစိမ်း ဝယ်လိုအားကောင်းလာပြီး အလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ဝါးခယ်မမြို့နယ် ကွမ်းသီးစိမ်းရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကွမ်းသီးစိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၅၅၀၀ သာ ပေါက်ဈေးရှိခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ယနေ့ထိကွမ်းသီးစိမ်း အလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသထွက်ကွမ်းသီးစိမ်းများ အထွက်နည်းလာခြင်းကြောင့် ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"ကွမ်းသီးစိမ်းက လိုသလောက်မရတဲ့ထိကို အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု ဈေးကွက်ထဲမှာ ကွမ်းသီးစိမ်း အလုံး ၁၀၀ ကို ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ကွမ်းသီးအလုံး ၁၀၀ ကို ငွေကျပ် ၂၀၀၀ ထိ ဈေးပိုရရှိနေပါတယ်။ ဝါးခယ်မမြို့နယ်မှာ ကွမ်းသီး အရည်သောက်အနုသီးတွေ အဝယ်များလာတော့ အရင့်သီးတွေ ရှားလာပြီး အစိမ်းအမှည့်သီးက ဈေးပိုကောင်းလာတာဖြစ်ပါတယ်။ ဝါးခယ်မကထွက်တဲ့ ကွမ်းသီးတွေကို ဒေသဈေးအပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ကွမ်းသီးစိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စန်းဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်က ထွက်ရှိသည့်ကွမ်းသီးစိမ်းများကို ဒေသကွမ်းသီး ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းများ ဈေးကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ ကွမ်းသီးခူးဆွတ် သန့်စင်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပူနေသူတွေ အေးပါစေ

- ညောင်စေ့လောက်လှူလျှင်
  ညောင်ပင်ကြီးလောက် ရသတဲ့။

- ရရ မရရ လှူဒါန်းကြပါ
  ကူကြကမ်းကြပါ။

- ဘယ်ဘက်က တစ်ဆုပ်ကြဲလျှင်
  ညာဘက်က တစ်လှည်းဝင်သတဲ့။

- ဝင်ဝင် မဝင်ဝင် စိတ်ဖြူစင်စွာ
  ကြင်နာသမှု ရင်မှာစု၍
  ဂရုပြုကြပါ ကယ်ဆယ်ပါ။

- ကုသိုလ်ဖန်
  ဝိမာန်အသင့် ဘုံအသင့်တဲ့။

- ဝိမာန်ဘုံအသင့် မသင့်သင့်
  လှူသင့်နေရာ လှူကြပါ
  ကူသင့်နေရာ ကူကြပါ။

- မရှိရှာသူကိုပေး
  ဆာနေသူကိုကျွေး မေတ္တာမွေးလျက်
  ဖေးဖေးမမ ကူပံ့ကြလျှင်
  လောကဇမ္ဗူဝေ ဤရေမြေ၌
  ပူနေသူတွေ အေးလိမ့်တကား။ ။

**မင်းယဉ်စု**

# မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ စစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဥယျာဉ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စံချိန်စံညွှန်းပြည့်မီစွာအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း အရှည်ပေ ၁၀၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၇၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် သစ်ထူးမိုးကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်၊ လူ ၅၇၂ ဦးအတွက် သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

➤ စာမျက်နှာ ၄ မှအဆက်

ဘဝင်မြင့်လာကြတော့ ဘဝမေ့လာကြတယ်။ ဒီတော့ကား ငါတကောကောပြီး အရှုးချေးပန်းပရမ်းပတာပြောချင်ရာပြောလာကြတာပေါ့ကွာ။ သူတို့ကိုယ်သူတို့တော့မသိကြဘူး။ တကယ်တော့ လူအန္ဓတတ်ယောင်ကား၊ ယောင်တိယောင်ဝါး၊ ညာစားနေကြသူတွေဖြစ်လို့ အမြန်ပဲဖယ်ရှားပြီး အစားထိုးပေးသင့်တယ်ကွ"

"နောက် ငါတွေ့မြင်နေရတာရှိသေးတယ်။ တချို့အငြိမ်းစားကြီးတွေ အသက်အရွယ်အရ ကိုယ့်နောက်ပါမဲ့ တရားဘာဝနာ၊ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းကြရမဲ့အစား အသက်အရွယ်ကိုမှမထောက် ရှေ့တန်းမှာဖြီးဖြန်းနေရာယူ၊ ကျွေးသမျှအဝစားပြီး နာယကဂုဏ်မမြောက်ဘဲ ဟောက်စားလုပ်နေကြတယ်။ တချို့ဆိုရင် ရပ်ကွက်မွှာရုံထဲမှာ ဘုရားကိုကျောပေးထိုင်ပြီး အတင်းစကားပြောနေကြတယ်။ လောဘ၊ ဒေါသ၊ မောဟတွေ ပွားနေကြတယ်။ ဘုရားကိုမှ အားမနာကြဘူး။ တွေးခေါ်မြော်မြင်မှုမရှိကြဘူး။ သာရာနား၊ သာရာစား ရှိက်စားလုပ်နေကြတယ်။ တချို့ဆိုရင် နိမ့်ပါးနေတဲ့ကျေးဇူးရှင်တွေကို သစ္စာဖောက်နေကြတယ်။ သခင်အားရ ကျွန်ပါးဝလုပ်နေကြတယ်။ ယိုသူမရှက် မြင်သူရှက်ဖွယ် လုပ်ရက်နေကြတယ်။ အရှက်မရှိတဲ့မျက်နှာနဲ့ ဇလောင်းဇလဲ စကားလွှဲ၊ စကားလှယ်လုပ်နေကြလေ့ရှိတယ်။ ဟီရိသြတ္တပ္ပတရားမရှိကြဘူး"

"အသင်းအဖွဲ့တွေရဲ့ နာယကလူကြီးတချို့၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတချို့ဟာ နာယကဂုဏ်နဲ့မညီကြဘူး။ **"ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤမြော်ကိုရ၊ ကြီးသူ့နာယကဂုဏ်"**ဆိုတာကိုတောင် မသိကြဘူး။ ဘယ်အခမ်းအနားပဲကျင်းပကျင်းပ ရှေ့ဆုံးကထိုင်ပြီး စားဖို့သောက်ဖို့၊ တတ်ယောင်ကားနဲ့ ဆရာကြီးလုပ်ဖို့ပဲ စဉ်းစားနေကြတယ်။ အသင်းအဖွဲ့တိုးတက်ရာတိုးတက်ကြောင်းစကားမဆိုကြဘဲ နိုင်ငံရေးစကား၊ နေရာစကား၊ အတ္တအကျိုးအတွက် ရပေါက်ရလမ်းစကား၊ အတင်းစကားတွေနဲ့ အငြင်းအခုံတွေများနေကြတယ်။ ရပ်ကွက်ကျဉ်းကျဉ်းလေးထဲမှာ ဟိုနေရာလဲယူချင်၊ ဒီနေရာလဲပါချင် **ဖိုးပါချင်၊ ဖိုးပါကြီးတွေ** ဖြစ်နေကြတာကွ"

"အရင်းစစ်ရင် အမြစ်မြေကဆိုသလိုပဲ **နေရာ**အဓိကပဲကွ။ နေရာရလာရင် ကိုယ့်ကိုတင်မြှောက်တာဝန်ပေးအပ်ခဲ့သူတွေ၊ ရပ်ကွက်ထဲ၊ ပြည်သူထဲက အသင်းသူ၊ အသင်းသားတွေကို မထီမဲ့မြင်လုပ်လာကြတယ်။ ငါတို့လောက်နားမလည်ဘူးလို့ ယူဆလာကြတယ်။ တကယ်တော့ ရပ်ကွက်ထဲ၊ ပြည်သူထဲက အသင်းသူ၊ အသင်းသားတွေထဲမှာ သူတို့ထက်သာ၊ သူတို့ထက်တတ်ကျွမ်း၊ သူတို့ထက်နားလည်သူတွေ အများကြီးရှိနေပါလားဆိုတာ မစဉ်းစားကြဘူး။ နေရာမယူချင်ကြလို့ ကိုယ့်ဘာသာအေးအေးဆေးဆေးနေကြတာ။ ဒါပေမဲ့ **အမြင်မတော်၊ ဆင်တော်နဲ့ လောက်လိုဖြစ်နေကြလို့၊ ဘုရားကားအောက် ခွေးကားအထက် ဖြစ်နေကြလို့** ဝင်ရောက်အကြံပေးခဲ့ကြတာ။ အကြံပေးကြတာကို မနာခံရင်လဲထားအုံးတော့။ အကြံပေးသူတွေကို မှိုချိုးမျှစ်ချိုးစွပ်စွဲပြောဆိုကြတာမျိုးကတော့ **ရယ်လိုက်ရတာဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော** ဆိုသလိုပဲ ဟားတိုက်ရယ်မောနေကြရတယ်ကွ။ အဲဒီလို အသင်းသူ၊ အသင်းသားတွေကို ကျေးဇူးကန်းနေကြတဲ့ အမှုဆောင်တချို့ရှိနေကြတဲ့ အသင်းအဖွဲ့တွေဟာ **ခွေးရူးကောင်းစားတစ်မှုန်းတည်း**ဆိုသလိုပဲ တစ်ခဏအကြာမှာ ခွေးကျဝက်ကျ ကျဆုံးပျက်သုဉ်းသွားကြမှာပဲကွ"

"မှန်လိုက်လေ သူငယ်ချင်းရာ"

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်မည်

**ဒါကာ စက်တင်ဘာ ၇**

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေး လက်ဗရော့ဗ်၏ ဒါကာခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရုရှားနိုင်ငံက တည်ဆောက်ပေးနေသော နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အချိန်မီပြီးစီးရေးအတွက် ဆွေးနွေးညှိနှိုင်းရန် ဘင်္ဂလားဒေ့ရှ်အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေး လက်ဗရော့ဗ်သည် ဂျီ-၂၀ ထိပ်သီးညီလာခံအတွက် အိန္ဒိယနိုင်ငံသို့ မသွားရောက်မီယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ဝင်ရောက်ရန် စီစဉ်ထားသည်။

အဆိုပါခရီးစဉ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၇၁ ခုနှစ်နောက်ပိုင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံးခရီးစဉ်ဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဒါကာသို့ရောက်ရှိနေစဉ်အတွင်း တည်ဆောက်ဆဲ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကိစ္စကိုဆွေးနွေးရန် စီစဉ်ထားကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ဘင်္ဂလားဒေ့ရှ်အတွက် တည်ဆောက်နေသော နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြောင့် လည်းကောင်း၊ ယူကရိန်းပြဿနာကိုအကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် အနောက်အုပ်စုက ချမှတ်ခဲ့သည့်အရေးယူ ပိတ်ဆို့မှုများကြောင့်လည်းကောင်း ကြန့်ကြာနေရကြောင်း သိရသည်။

အဆိုပါနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကုန်ကျစရိတ်၏ ၉၀ ရာခိုင်နှုန်းကို ရုရှားနိုင်ငံက ချေးငွေပုံစံဖြင့် စိုက်ထုတ်ပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# အာဖရိကသမဂ္ဂကို အဖွဲ့ဝင်သစ်အဖြစ်လက်ခံရန် ဂျီ-၂၀ ခေါင်းဆောင်များ သဘောတူ

**ဒေလီ စက်တင်ဘာ ၇**

ဂျီ ၂၀ အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များသည် အာဖရိကသမဂ္ဂ(အေယူ)ကို ဂျီ-၂၀ အဖွဲ့ဝင်သစ်အဖြစ်သတ်မှတ်ရန်သဘောတူထားကြောင်း ဘလွမ်းဘတ်စီးပွားရေးသတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီ-၂၀ ခေါင်းဆောင်များအနေဖြင့် အာဖရိကသမဂ္ဂကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းရေးအတွက် သဘောတူထားပြီး ဖြစ်ကြောင်း အိန္ဒိယအစိုးရ သတင်းအရင်းအမြစ်များက ဘလွမ်းဘတ်သတင်းစာသို့ ထုတ်ဖော်ပြောကြားထားသည်။

ဂျီ-၂၀ ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်အရ အာဖရိကသမဂ္ဂသည် လက်ရှိဖိတ်ကြားခံနိုင်ငံတကာ အဖွဲ့အစည်းအဆင့်မှ အဖွဲ့ဝင်ဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဂျီ-၂၀အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်နေသော အဖွဲ့အစည်းမှာ ဥရောပသမဂ္ဂဖြစ်သည်။

ဂျီ-၂၀ ခေါင်းဆောင်များအနေဖြင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်ထိ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံကာလ၌ အာဖရိကသမဂ္ဂကို အဖွဲ့ဝင်သစ်အဖြစ် ကြေညာဖွယ်ရှိသည်။

ယခုနှစ် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌ အိန္ဒိယနိုင်ငံသည် ဂျီ-၂၀ တွင် အာဖရိကသမဂ္ဂကို အဖွဲ့ဝင်အဖြစ်ထည့်သွင်းရေးအတွက် ယခုနှစ် ဇွန်လအတွင်း ဂျီ-၂၀ ခေါင်းဆောင်များကို အဆိုပြုထားပြီးဖြစ်ကြောင်း သိရသည်။

KKO




# တရုတ်ဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



**ဂျကာတာ စက်တင်ဘာ ၇**

တရုတ်ဝန်ကြီးချုပ်လီချန်းသည် စက်တင်ဘာ ၆ ရက်တွင် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်ဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပခဲ့သည့် အာဆီယံထိပ်သီး ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်စဉ်အတွင်းတွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုများကို ပို၍ထိရောက်စွာ မြှင့်တင်နိုင်ရေးအတွက် အဆင့်မြင့်တာဝန်ရှိသူများ အဆင့်ခရီးစဉ်များ ထပ်တိုးစီစဉ်ရန် တရုတ်ဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့က သဘောတူခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် တရုတ်နှင့်ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးကိုမဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် မှတ်ယူထားကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က တရုတ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့် အငြင်းပွားမှု ပြဿနာများကြောင့် နှစ်နိုင်ငံကြားဆက်ဆံရေးမှာ မပြေလည်မှုများကျန်ရှိနေဆဲဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဗီယက်နမ်နိုင်ငံသည် တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ အားပြိုင်ပွဲကြားကြားညပ်မည့်အရေးကို ရှောင်ရှားနိုင်ရေးအတွက်လည်း ဆက်ဆံရေးမူဝါဒများကို ထိန်းညှိနေရကြောင်း သိရသည်။

KKO

# ယူကရိန်းရှေ့တန်းပြန် ရုရှားတပ်ဖွဲ့ဝင်များက စာသင်ကျောင်းများ၌ စစ်ပညာသင်ကြားပို့ချပေးမည်ဟု ပညာရေးဝန်ကြီးဌာနကြေညာ

**မော်စကို စက်တင်ဘာ ၇**



ရုရှားနိုင်ငံသည် စာသင်ကျောင်းများ၌ ကျောင်းသားများကို လုံခြုံရေးနှင့်ကာကွယ်ရေး သင်ခန်းစာများပို့ချပေးရန် ယူကရိန်းရှေ့တန်းပြန်များက ပြင်ဆင်နေကြောင်း ရိုက်တာသတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်း ရှေ့တန်းပြန်များက စာသင်ကျောင်းများ၌ ကာကွယ်ရေး သင်ခန်းစာများ ပို့ချပေးမည့် အစီအစဉ်ကို ရုရှားပညာရေးဝန်ကြီးဌာနက စက်တင်ဘာ ၆ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်း ပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ကျောင်းသင်ရိုးညွှန်းတမ်း စာအုပ်များကို ပြောင်းလဲပြင်ဆင်ခဲ့သည်။

ရုရှား၏ သင်ရိုးညွှန်းတမ်းသစ် ပြဋ္ဌာန်းစာအုပ်များထဲတွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှု၊ သမ္မတပူတင်ခေတ်နှင့် ယူကရိန်းပဋိပက္ခ အကြောင်းရင်းများကို ပြင်ဆင်တည်းဖြတ်ထည့်သွင်းထားသည်။

ထို့ပြင် ရုရှားအစိုးရသည် သင်ရိုးညွှန်းတမ်းသစ်များ၌ ကျောင်းသားများအတွက် အခြေခံစစ်ပညာကိုလည်း ထည့်သွင်းထားသည်။

ရုရှားအစိုးရက ယူကရိန်း ရှေ့တန်းပြန်များအဖြစ် တရားဝင်သတ်မှတ်ထားသည့်စစ်သည်ပေါင်း အနည်းဆုံး ၁၃၃၀၀၀ ထိရှိပြီး ကျောင်းသားများအတွက် စစ်ပညာကို အဆိုပါရှေ့တန်းပြန်များ ပို့ချပေးနိုင်ရေးအတွက် ပြင်ဆင်နေသည်ဟု ရုရှားပညာရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

KKO

# တရုတ်နိုင်ငံ ပေကျင်းမြို့၌ တတိယအကြိမ်မြောက်ကျင်းပမည့် ရပ်ဝန်းနှင့်လမ်းနိုင်ငံတကာညီလာခံတက်ရောက်ရန် နိုင်ငံပေါင်း ၉၀ အတည်ပြုထား

**ပေကျင်း စက်တင်ဘာ ၇**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တတိယအကြိမ်မြောက် ကျင်းပမည့် ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ညီလာခံသို့ တက်ရောက်မည့်အစီအစဉ်ကို နိုင်ငံပေါင်း ၉၀ တို့က အတည်ပြုထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တတိယအကြိမ်မြောက်ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးညီလာခံ (ဘီအာရ်အက်ဖ်)ကို တက်ရောက်မည့် အစီအစဉ်အတွက် နိုင်ငံပေါင်း ၉၀ တို့က အတည်ပြုထားကြောင်း တရုတ်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် တတိယမြောက် ဘီအာရ်အက်ဖ်ညီလာခံသို့ ရုရှားသမ္မတပူတင်၊ ဆားဘီးယားသမ္မတ အလက်ဇန်းဒါးဗူဆစ်နှင့် အာဂျင်တီးနားသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်ဖ်အပါအဝင်နိုင်ငံခေါင်းဆောင် အများအပြားလည်း တက်ရောက်ဖွယ်ရှိကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

တတိယအကြိမ်မြောက် ဘီအာရ်အက်ဖ်ညီလာခံကို ပေကျင်းမြို့၌ ယခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ ရပ်ဝန်းနှင့်လမ်း အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ၌ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၀ ကျော် ပါဝင်လက်မှတ်ရေးထိုးထားသည်။

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဘီအာရ်အက်ဖ်ညီလာခံများ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ဂျပန်အမျိုးသားအာကာသအေဂျင်စီ၏ ပထမဆုံးလဆင်းယာဉ်ဖြစ်သည့် SLIM လဆင်းယာဉ်ကို စက်တင်ဘာ ၇ ရက်တွင် လွှတ်တင်ခဲ့



**တိုကျို စက်တင်ဘာ ၇**

ဂျပန်အမျိုးသားအာကာသ အေဂျင်စီသည် ၎င်း၏ပထမဆုံး လဆင်းယာဉ်ဖြစ်သည့် SLIM အမည်ရှိလဆင်းယာဉ်ကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

SLIM လဆင်းယာဉ်ကို သယ်ဆောင်ထားသည့် အိတ်ချ်-၂ အေ ဒုံးပျံကို တာနီဂါရှီးမားအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် ရာသီဥတုအခြေအနေကြောင့် အကြိမ်ကြိမ်နှောင့်နှေးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် SLIM လဆင်းယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် အိတ်ချ်-၂ အေ ဒုံးပျံသည် SLIM လဆင်းယာဉ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၇၀၀ ရှိသော SLIM လဆင်းယာဉ်သည် လဆီသို့ရောက်ရှိရန်အချိန် လေးလကြာ အချိန်ယူပျံသန်းရမည်ဖြစ်ကြောင်း သိရသည်။

လပတ်လမ်းအတွင်းဝင်ရောက်ပြီးချိန်တွင် SLIM လဆင်းယာဉ်ရှိအိုလီအမည်ရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ရန်ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းချိန် မိနစ် ၁၀၀ ကျော်လွန်သွားပြီဖြစ်

**ဝါရှင်တန် စက်တင်ဘာ ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းချိန်မိနစ် ၁၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် စက်တင်ဘာ ၃ ရက်တွင် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၅၇ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

၅၇ ကြိမ်မြောက်ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် ခရီးအကွာအဝေး ၇၁၃ ပေကို ၁၂၉ စက္ကန့်ကြာ ပျံသန်းခဲ့ကြောင်း သိရသည်။



အထက်ပါကင်းထောက်ပျံသန်းမှု အောင်မြင်စွာပြီးဆုံးခဲ့မှုကြောင့် အင်ဂျီနျူတီရဟတ်ယာဉ်၏ အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းချိန်စုစုပေါင်းမှာ ၁၀၂ ဒသမ ၄ မိနစ်ထိရှိခဲ့ပြီဖြစ်သည်ဟု နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်နှင့်အတူ အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဆင်းသက်ခဲ့သည်။

အဆိုပါရဟတ်ယာဉ်သည် မူလက စမ်းသပ်ယာဉ်အဖြစ်သာ လွှတ်တင်ခဲ့သည့် ရဟတ်ယာဉ်ဖြစ်သော်လည်း နောက်ပိုင်းတွင် ပါဆီးဗရင့်စ်၏ ကင်းထောက်ယာဉ်တာဝန်ကို ရယူခဲ့ကြောင်း သိရသည်။

KKO

## နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းက လေထုလွှာထဲမှစီးမျောထွက်လာသည့် ဟီလီယမ်ဓာတ်ငွေ့များကြောင့် ရေမအမြီးတန်းကြီးတစ်ခု ပေါ်ထွက်နေ

**ဝါရှင်တန် စက်တင်ဘာ ၇**

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းသည် ပြင်းထန်လှသည့်နှုန်းဖြင့် လေထုလွှာကိုဆုံးရှုံးလျက်ရှိပြီး လေထုလွှာထဲမှ စီးမျောထွက်လာသည့် ဟီလီယမ်ဓာတ်ငွေ့များကြောင့် ရေမအမြီးတန်းကြီးတစ်ခု ပေါ်ထွက်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

HAT-P-32 b ဟူ၍ အမည်ပေးထားသည့် ၎င်းဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၉၅၀ အကွာတွင်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိရသည်။

အဆိုပါဂြိုဟ်၏ လေထုလွှာ လျင်မြန်စွာဆုံးရှုံးနေမှုကို အမေရိကန်သိပ္ပံပညာရှင်များက မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်များဖြင့် စောင့်ကြည့်လေ့လာနိုင်ခဲ့သည်။

HAT-P-32 ဂြိုဟ်၏လေထုလွှာဆုံးရှုံးမှုကြောင့် ပေါ်ထွက်လာသည့် ဟီလီယမ်ဓာတ်ငွေ့အမြီးတန်းမှာ ဂြိုဟ်၏အချင်းဝက်ထက် ၅၃ ဆ ပိုကြီးမားသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက အဆိုပါဂြိုဟ်မှပေါ်ထွက်လာသည့် အမြီးတန်းအရွယ်အစားသည် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်အရွယ်အစားထက် ၁၈ ဆ ပိုကြီးမားသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

HAT-P-32 b ဂြိုဟ်သစ်မိခင်ကြယ်ကို ၂ ဒသမ ၂ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေသော ဓာတ်ငွေ့ဂြိုဟ်တစ်စင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကလေးဘဝ၌ BMI အဆင့်မြင့်မားသူများ အရွယ်ရောက်ချိန်တွင် စိတ်ကျဝေဒနာခံစားရမှုမြင့်လာနိုင်

**လန်ဒန် စက်တင်ဘာ ၇**

ကလေးဘဝ၌ ကိုယ်ခန္ဓာဖြိုပ်ထုအညွှန်းကိန်း (BMI) အဆင့်ပုံမှန်ထက် မြင့်မားသူများသည် အရွယ်ရောက်လာချိန်တွင် စိတ်ကျဝေဒနာခံစားရနိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

အသက် ၁၂ နှစ်နှင့် ၁၆ နှစ်ကြားအရွယ်၌ ကိုယ်အလေးချိန်လွန်ကဲမှုသည် ဆယ်ကျော်သက်ဘဝကုန်ဆုံးချိန်ထိတိုင် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အသက် ၁၂ နှစ်၊ ၁၆ နှစ်နှင့် ၂၀ နှစ်အရွယ်များ၌ BMI အညွှန်းကိန်းနှင့် စိတ်ကျဝေဒနာဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိ၊မရှိ ဖော်ထုတ်ရန် ကလေး ၁၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အသက် ၁၂ နှစ်နှင့် ၁၆ နှစ်ကြား အရွယ်တွင် BMI အညွှန်းကိန်း ပုံမှန်ထက် မြင့်မားသူများတွင် အသက် ၁၆ နှစ်နှင့် ၂၀ နှစ်ကြားကာလအတွင်း စိတ်ကျဝေဒနာဖြစ်နိုင်ခြေ မြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကလေးဘဝ၌ BMI အညွှန်းကိန်း ပုံမှန်ထက်မြင့်မားမှုနှင့် အရွယ်ရောက်ချိန် စိတ်ကျဝေဒနာဖြစ်နိုင်ခြေတို့ကြား အခိုင်အမာဆက်စပ်နေသည်ကိုတွေ့ရကြောင်း ဗြိတိန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

စိတ်ကျန်းမာရေးပြဿနာနှင့် အဝလွန်မှု၊ ကိုယ်အလေးချိန်လွန်ကဲမှုပြဿနာများမှာ လူငယ်များအတွင်း အဖြစ်များလာကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## မျက်လုံးစစ်ဆေးစောင့်ကြည့်မှုစနစ်ဖြင့် အော်တစ်ဇင်ရောဂါကို ရှာဖွေဖော်ထုတ်နိုင်

**နယူးယောက် စက်တင်ဘာ ၇**

မျက်လုံးစစ်ဆေးစောင့်ကြည့်မှုစနစ်တစ်ရပ်ဖြင့် အော်တစ်ဇင်ရောဂါကို စောစောစီးစီးရှာဖွေဖော်ထုတ်နိုင်ပြီး ကုသမှုများပြုလုပ်ပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

အော်တစ်ဇင်ရောဂါရှိသူ ကလေးလေးဦးလျှင် တစ်ဦးတွင်သာ ၎င်းရောဂါ ရှိ၊ မရှိကို အသက်သုံးနှစ်မပြည့်မီ ရှာဖွေဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏မျက်လုံးစစ်ဆေး စောင့်ကြည့်မှုစနစ်သည် အော်တစ်ဇင်ရောဂါလက္ခဏာများကို ကလေးအသက် ၁၆ လမပြည့်မီမှာပင် ရှာဖွေဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကလေး ၁၅၀၀ ကျော်တို့ဖြင့် အထက်ပါမျက်လုံးစစ်ဆေးစောင့်ကြည့်မှုပုံစံကို လက်တွေ့စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အော်တစ်ဇင်ရောဂါသည် ကလေးနှစ်ဦးလျှင် တစ်ဦးခန့်ဖြစ်ပွားတတ်သည့် ကလေးဘဝစိတ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ မျက်လုံးစစ်ဆေးစောင့်ကြည့်မှုစနစ်သည် အော်တစ်ဇင်ရောဂါ၏အတိုင်းအဆကိုလည်း ဖော်ထုတ်ပေးနိုင်သည်ဟု အမေရိကန် သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၄ ယူရိုခြေစစ်ပွဲ အုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**အဇာဘိုင်ဂျန် Vs ဘယ်လ်ဂျီယံ**

**ကစားမည့်ရက်/အချိန် ၉-၉-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**အဇာဘိုင်ဂျန် ၁ - ၁ ဘယ်လ်ဂျီယံ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဇာဘိုင်ဂျန်** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **ဘယ်လ်ဂျီယံ** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |

အဇာဘိုင်ဂျန်အသင်းဟာ အိမ်ကွင်းကစားအားကောင်းပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာပါ။ ဘယ်လ်ဂျီယံအသင်းကတော့ အခုပွဲစဉ်ကိုအနိုင်ရမှသာ အုပ်စုပထမနေရာရယူဖို့အခြေအနေကောင်းမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုအသာနဲ့ ဂိုးပြတ်နိုင်ပွဲရှာမဲ့ ဘယ်လ်ဂျီယံကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အဇာဘိုင်ဂျန် ၀ - ၃ ဘယ်လ်ဂျီယံ**

**အန်ဒိုရာ Vs ဘီလာရုစ်**

**ကစားမည့်ရက်/အချိန် ၉-၉-၂၀၂၃ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အန်ဒိုရာ** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဘီလာရုစ်** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

ခြေစစ်ပွဲအုပ်စု(I) မှာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းအားနည်းပေမဲ့ အန်ဒိုရာအသင်းကတော့ အသင်းလိုက်ကစားအား ကျဆင်းနေတာကြောင့် ပွဲတိုင်းဂိုးပေးနေရတာဖြစ်ပါတယ်။ ဘီလာရုစ်အသင်းကတော့ ခြေရည်တူအသင်းတွေကို နိုင်ပွဲရရှိအောင် ကြိုးစားလေ့ရှိပြီး နောက်ဆုံးသုံးပွဲဆက်မှာလဲ ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အသင်းလိုက်ကစားအားကောင်းနေတဲ့ ဘီလာရုစ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အန်ဒိုရာ ၁ - ၂ ဘီလာရုစ်**

# ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန် ပွဲကြိုသုံးသပ်ချက်

ML

**ဘရာဇီး Vs ဘိုလီဗီးယား**

**ကစားမည့်ရက်/အချိန် ၉-၉-၂၀၂၃ (နံနက် ၀၇:၁၅နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဘိုလီဗီးယား ၀ - ၄ ဘရာဇီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘရာဇီး** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |
| **ဘိုလီဗီးယား** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **အိမ်(ရှုံး)** |

ဘရာဇီးအသင်းဟာ တောင်အမေရိကဇုန်မှာ ကစားသမားစုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်းထက်မြက်တဲ့ အသင်းဖြစ်တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာလဲ ဂိုးပြတ်နိုင်ပွဲရဖို့ ပြင်ဆင်လာမှာပါ။ ဘိုလီဗီးယားအသင်းကတော့ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှုအားနည်းတာကြောင့် အသင်းကြီးတွေနဲ့ဆိုပေးဂိုးများနေတာဖြစ်ပါတယ်။ ဒါကြောင့် ဂိုးပြတ်နိုင်ပွဲရယူမဲ့ အိမ်ရှင်ဘရာဇီး အနိုင်သေချာပါတယ်။

**အင်တာနက်ခန့်မှန်း - ဘရာဇီး ၃ - ၀ ဘိုလီဗီးယား**

## အားကစားသတင်း အတိုအထွာများ

- ၂၀၂၃ အမျိုးသမီး Ballon d'Or ဆုအတွက် အကောင်းဆုံးကစားသမားစာရင်း ဦးရေ ၃၀ တွင် စပိန်အသင်းနှင့် ကမ္ဘာ့ဖလားရယူနိုင်ခဲ့သည့်တိုက်စစ်မှူး ဘွန်မာတီက ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းအနေဖြင့် ဆက်လက်ရုန်းကန်နေရပါက ၎င်းအနေဖြင့် အနာဂတ်အတွက် ဆက်လက်စဉ်းစားရမည်ဟု ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ပရီးမီးယားလိဂ်တစ်လတာ အကောင်းဆုံးဆုအတွက် ဆန်ခါတင်ဂိုးသမားခြောက်ဦးစာရင်း ထုတ်ပြန်




**လန်ဒန် စက်တင်ဘာ ၇**

ဩဂုတ်လအတွက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံးဂိုးသမားဆုအတွက် ဆန်ခါတင်ခြောက်ဦးစာရင်းတွင် လီဗာပူးအသင်း ဂိုးသမား အယ်လစ်ဆန်က ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကစားသမားစာရင်းတွင် စပါးအသင်းဂိုးသမား ဗီကာရီက မန်ယူအသင်းနှင့်ပွဲစဉ်တွင် ကက်စမဲရိုး၏ ခေါင်းတိုက်သွင်းဂိုးကို အကောင်းဆုံးကာကွယ်မှုပြုလုပ်၍ အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့၍လည်းကောင်း၊ အဲဗာတန်အသင်းဂိုးသမား ပစ်ဖို့ဒ်က ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် တာကောစကီး၏အပိုင်ကန်သွင်းချက်ကို ကာကွယ်မှုပြုလုပ်နိုင်ခဲ့၍လည်းကောင်း၊ ဝုဗ်အသင်းဂိုးသမားဂျို့ဆာက အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ဒိုကိုရေး၏ခေါင်းတိုက်သွင်းဂိုးကိုလည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်း ဂိုးသမားဖလက်ကန်က ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် လာမာ၏ ခေါင်းတိုက်သွင်းဂိုးနှင့် ဂျော်ဒန်အရူး၏ ကန်သွင်းချက်တို့ကိုကာကွယ်နိုင်ခဲ့၍လည်းကောင်း၊ ဝက်စ်ဟမ်းအသင်း ဂိုးသမား အာရီအိုလာက ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ဖာဂူဆန်၏ကန်သွင်းချက်ကိုကာကွယ်နိုင်ခဲ့၍ လည်းကောင်း၊ လီဗာပူးအသင်း ဂိုးသမားအယ်လစ်ဆန်က နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် အယ်မီရွန်၏ကန်သွင်းချက်ကို နှစ်ကြိမ်ထိကာကွယ်မှုပြုလုပ်နိုင်ခဲ့၍လည်းကောင်း တစ်လတာအကောင်းဆုံး ဂိုးသမားဆုအတွက် ရွေးချယ်ခံခဲ့ရသည်။

လီဗာပူးအသင်း ဂိုးသမားအယ်လစ်ဆန်အနေဖြင့် ဩဂုတ်လအတွင်း ကစားခဲ့သည့် ပွဲစဉ်သုံးပွဲတွင် ချဲလ်ဆီးအသင်းကို တစ်ဂိုးစီသရေရလဒ်၊ ဘုန်းမောက်အသင်းကို သုံးဂိုးတစ်ဂိုး၊ နယူးကာဆယ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ပွဲစဉ်တို့တွင် အသင်းအတွက် အကောင်းဆုံးကာကွယ်မှုများပြုလုပ်ကာ ရလဒ်ကောင်းရရှိအောင် ကူညီနိုင်ခဲ့သောကြောင့် တစ်လတာအကောင်းဆုံး ဂိုးသမားဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိကြောင်း သိရသည်။ ML

# ၂၀၂၃ ခုနှစ် Ballon d'Or ဆုအတွက် ပဏာမကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ကစားသမား ခုနစ်ဦးထိ ပါဝင်လာ

**ဇူးရစ် စက်တင်ဘာ ၇**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ၂၀၂၃ ခုနှစ် Ballon d'Or ဆုအတွက် ပဏာမကစားသမားဦးရေ ၃၀ ကို ထုတ်ပြန်ခဲ့ရာတွင် ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ခဲ့သည့် မန်စီးတီးအသင်းမှ ကစားသမား ခုနစ်ဦးထိ ပါဝင်လာခဲ့ကြောင်း BBC Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပဏာမကစားသမားဦးရေ ၃၀ စာရင်းတွင် အာဂျင်တီးနားအသင်းနှင့်အတူ ကမ္ဘာ့ဖလားရယူနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ဆီက ထိပ်ဆုံးမှဦးဆောင်နေသော်လည်း ပရီးမီးယားလိဂ်တွင် အဓိက ဆုဖလားသုံးလုံးရယူနိုင်ခဲ့သည့် မန်စီးတီးအသင်းမှတိုက်စစ်မှူး ဟာလန်း၊ ကွင်းလယ်ကစားသမား ဒီဘရိုင်း၊ ခံစစ်ကစားသမား ရူဘင်ဒီယက်၊ တိုက်စစ်မှူး အယ်ဗာရက်ဇ်၊ ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗား၊ ကွင်းလယ်ကစားသမား ရိုဒရီနှင့် ခံစစ်ကစားသမား ဂါဗာဒီယိုတို့ ပါဝင်လာခဲ့သည်။

မန်စီးတီးအသင်းမှ ကစားသမား ခုနစ်ဦးပြီးလျှင် ဘိုင်ယန်မြူးနစ်မှ မူစီအာလာ၊ မန်ယူအသင်းမှ အိုနာနာ၊ အယ်အီသီဟတ်အသင်းမှ ဘင်ဇီးမား၊ လီဗာပူးအသင်းမှ ဆာလာဟ်၊ အာဆင်နယ်အသင်းမှ ဆာကာ၊ ရီးရဲလ်မက်ဒရစ်မှ ဘယ်လင်ဟမ်၊ ပီအက်စ်ဂျီမှ မူအာနီ၊ နာပိုလီမှ ကာဗာရှက်ရှီလီယာ၊ အင်တာမီလန်မှ ဘာရယ်လာ၊ အေစီလာမှ မာတီနက်ဇ်၊ အာဆင်နယ်မှ အိုဒီဂတ်၊ ဆီဗီလာမှ ဘိုနို၊ ရီးရဲလ်မက်ဒရစ်မှ ဗီနီစီးယက်၊ အေတီကိုမှ ဂရစ်ဇ်မန်း၊ အင်တာမီလန်မှ မာတီနက်ဇ်နှင့်ဘာရယ်လာ၊ ဘာစီလိုနာမှ လီဝမ်ဒေါ့စကီး၊ ဘိုင်ယန်မြူးနစ်မှ ကင်မင်ဂျေး၊ ရီးရဲလ်မက်ဒရစ်မှ လူကာမိုဒရစ်၊ ပီအက်စ်ဂျီမှ အမ်ဘာပီ၊ ဘိုင်ယန်မြူးနစ်မှ ဟယ်ရီကိန်းနှင့် နာပိုလီမှ အိုစီမန်တို့ပါဝင်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွက် ပဏာမကစားသမားစာရင်းတွင် Ballon d'Or ဆု ငါးကြိမ်ရရှိထားသည့် တိုက်စစ်မှူး စီရော်နယ်ဒိုအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်လာခြင်းမရှိဘဲ Ballon d'Or ဆု ခုနစ်ကြိမ်ရရှိခဲ့သည့် တိုက်စစ်မှူးမက်ဆီသည် ရှစ်ကြိမ်မြောက်ရရှိရန် ရေပန်းစားနေပြီး လာမည့် အောက်တိုဘာ ၂၀ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ML

# ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူး ဆာလာဟ် လီဗာပူးအသင်း၌ဆက်ရှိမည်ဟု ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၇**

လီဗာပူးအသင်းသည် ဆော်ဒီကလပ် အယ်အီသီဟတ်အသင်းက တိုက်စစ်မှူး ဆာလာဟ်ကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၁၈ သန်းဖြင့် တရားဝင်ကမ်းလှမ်းခဲ့သော်လည်း အသင်းအနေဖြင့် အကြိမ်ကြိမ်ပယ်ချခဲ့ပြီးနောက် ဆာလာဟ်သည် အသင်း၌သာ ဆက်ရှိမည်ဟုထုတ်ပြန်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် တိုက်စစ်မှူး ဆာလာဟ်ကို အယ်အီသီဟတ်အသင်းက မက်လုံးပေးကမ်းလှမ်းမှုများကြောင့် လက်လွှတ်ရမည်အရေးကိုစိုးရိမ်ခဲ့ရပြီး ယခုအခါ ဆော်ဒီကလပ်အသင်းများအနေဖြင့် အပြောင်းအရွှေ့ရာသီပိတ်သိမ်းခဲ့သောကြောင့် အသင်းအနေဖြင့် အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူးဆာလာဟ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး ဆာလာဟ်သည် လီဗာပူးအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေကာ ၎င်းအနေဖြင့် ၂၀၁၇ ခုနှစ်က အသင်းသို့ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၈၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး နှစ်စဉ်အသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသောကြောင့် ဆော်ဒီပရိုလိဂ်ချန်ပီယံ အယ်အီသီဟတ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် မာဆေးဆိုက်တွင်သာ ပျော်ရွှင်နေသောကြောင့် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ဆုဖလား ရယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# အင်္ဂလန်လက်ဝှေ့သမား ဒူဘွိုက်စ်က အူဆက်ခ်နှင့် မကျေပွဲထိုးသတ်နိုင်ရန် ကမ်းလှမ်းမှုပြုလုပ်နေကြောင်း WBA က အတည်ပြု

**လန်ဒန် စက်တင်ဘာ ၇**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ဩဂုတ် ၂၆ ရက်က လက်ရှိချန်ပီယံ အလက်ဇန်းဒါးအူဆက်ခ်နှင့် စိန်ခေါ်သူ အင်္ဂလန် လက်ဝှေ့ကစားသမား ဒူဘွိုက်စ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ရလဒ်ဖြင့် ဒူဘွိုက်စ်က ရှုံးနိမ့်ခဲ့သည်။

လက်ရှိ ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကိုထိန်းသိမ်းနိုင်ခဲ့သည့် ယူကရိန်းလက်ဝှေ့သမား အလက်ဇန်းဒါးအူဆက်ခ်သည် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရရေးအတွက် တိုင်ဆန်ဖျူရီနှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေသော်လည်း ထိုးသတ်ကြေးညှိနှိုင်းမှု အဆင်မပြေသည့်အတွက် ထိုးသတ်ခွင့်မရသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည်။

အလက်ဇန်းဒါးအူဆက်ခ်က တိုင်ဆန်ဖျူရီနှင့် ထိုးသတ်ခွင့်ရရှိရန် ကြိုးစားနေချိန် ဒူဘွိုက်စ်ကမကျေပွဲထိုးသတ်ခွင့်ရရန်အတွက် စိန်ခေါ်မှုပြုလုပ်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒူဘွိုက်စ်ကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရထားသည့် အူဆက်ခ်အနေဖြင့် ဒူဘွိုက်စ်၏ မကျေပွဲစိန်ခေါ်မှုကို လျစ်လျူရှုနိုင်သည့်အတွက် ဒူဘွိုက်စ်က အားကစားခုံသမာဓိရုံးကို အသုံးချကာမကျေပွဲစဉ်ထိုးသတ်ခွင့်ရရန် ကြိုးစားလာခဲ့သည်။

အားကစားခုံသမာဓိရုံးထံသို့ အယူခံဝင်ထားပြီး အားကစားခုံသမာဓိရုံးကခွင့်ပြုပါက အူဆက်ခ်အနေဖြင့် ဒူဘွိုက်စ်၏စိန်ခေါ်မှုကို လက်ခံသွားရမည်ဖြစ်သည်။

ဒူဘွိုက်စ်သည် အူဆက်ခ်နှင့် မကျေပွဲထိုးသတ်ရေးအတွက် WBA အဖွဲ့ချုပ်ထံသို့လည်း အယူခံဝင်ထားပြီး WBA အနေဖြင့် ဆုံးဖြတ်ရခက်သည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

AZL



# US Open ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် တက်ရောက်

**နယူးယောက် စက်တင်ဘာ ၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသော US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဇီရက်ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၃၊ ၆-၂၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ၂၀၀၇ ခုနှစ်နောက်ပိုင်း တင်းနစ်လောကသမိုင်းတစ်လျှောက် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့်သို့ သုံးကြိမ်မြောက်တက်ရောက်နိုင်ခဲ့သည့် ပထမဦးဆုံးသော ဆယ်ကျော်သက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အယ်ကာရက်ဇ်သည် ခေတ်ပြိုင်ကစားသမားဖြစ်သည့် အလက်ဇန်းဒါးဇီရက်ဗ်ကို ပြတ်သားသောရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) နေရာအတွက် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန်ပစ်မှတ်ထားနေသည့်ကစားသမားဖြစ်သည်။

အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အယ်ကာရက်ဇ်က "ကျွန်တော့်အနေနဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ဖို့ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ အလက်ဇန်းဒါးဇီရက်ဗ်ဆိုတာ ခက်ခဲတဲ့ပြိုင်ဘက်ကစားသမားဆိုတာ တင်းနစ်လောကက ကစားသမားတိုင်းသိတယ်။ ကျွန်တော့်အနေနဲ့ အလက်ဇန်းဒါးဇီရက်ဗ်လို ကစားသမားမျိုးကို အနိုင်ရခဲ့တာ သိပ်ဝမ်းသာတယ်။ ချန်ပီယံဆုကိုစိန်ခေါ်နိုင်တဲ့ကစားသမားတစ်ယောက်ကို အနိုင်ကစားနိုင်ခဲ့တဲ့အတွက် ခွန်အားဖြစ်စေတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ဩဂုတ်လတစ်လတာအကောင်းဆုံးကစားသမားဆုနှင့် နည်းပြဆုတို့အတွက် ဆန်ခါတင်စာရင်းထုတ်ပြန်




**လန်ဒန် စက်တင်ဘာ ၇**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့် ဩဂုတ်လအတွက် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးကစားသမားဆုနှင့် နည်းပြဆုတို့အတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ကြေညာခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းတွင် နော်တင်ဟမ်အသင်းတိုက်စစ်မှူးအေဝုန်နီယီ၊ ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူး ဘိုဝင်၊ စပါးအသင်း ကွင်းလယ်ကစားသမား ဂျိမ်းမက်ဒီဆင်၊ ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး အမ်ဘီအူမို၊ ဘရိုက်တန်အသင်း တိုက်စစ်မှူးမီတိုမာနှင့် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီတို့ပါဝင်လာခဲ့ကြသည်။

အဆိုပါဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြသူများမှ မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး မန်စီးတီးအသင်း၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် ရိုဒရီက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသည်။

အလားတူ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင်လည်း မန်စီးတီးအသင်းနှင့်အတူ ရှုံးပွဲမရှိသေးသည့်ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဂွါဒီယိုလာနှင့်အတူ အာဆင်နယ်နည်းပြ အာတီတာ၊ လီဗာပူးအသင်းနည်းပြ ကလော့ပ်၊ ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်စ်နှင့် စပါးအသင်းနည်းပြ ပိုစတီကိုဂလူနိုတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

STA

# ဂရာဟမ်ပေါ်တာကို နည်းပြသစ်ခန့်အပ်ရန် လိုင်ယွန်အသင်းကမ်းလှမ်းမှု ပယ်ချခံခဲ့ရ

**ပဲရစ် စက်တင်ဘာ ၇**

ပြင်သစ်ကလပ် လိုင်ယွန်အသင်းက နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်း နည်းပြဟောင်း ဂရာဟမ်ပေါ်တာကို ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း Mail Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိုင်ယွန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များဆက်တိုက် ဆိုးရွားလျက်ရှိနေပြီး ပြင်သစ်လီဂူးပြိုင်ပွဲတွင် လေးပွဲကစားခဲ့ရာ သုံးပွဲရှုံးနိမ့်ပြီး တစ်ပွဲသရေလဒ်ထွက်ပေါ်နေသည့်အတွက် လိုင်ယွန် အသင်းတာဝန်ရှိသူများက လက်ရှိနည်းပြဘလန့်ကို နည်းပြရာထူးမှထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် ဂရာဟမ်ပေါ်တာကိုခန့်အပ်လိုနေခြင်းဖြစ်သည်။

အသက် ၄၈ နှစ်ရှိ ဂရာဟမ်ပေါ်တာသည် ဘရိုက်တန်အသင်းကိုတာဝန်ယူကိုင်တွယ်စဉ်က ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလက ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာတွင် ရလဒ်ကောင်းများ ရရှိအောင်စွမ်းဆောင်ပေးနိုင်ခြင်း မရှိသည့်အတွက် ပြီးခဲ့သည့် ဧပြီလက နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

လိုင်ယွန်အသင်းပိုင်ရှင် ဂျွန်တက်တာကလည်း အသင်းအနေဖြင့် ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်စီစဉ်နေပြီး ဂရာဟမ်ပေါ်တာကိုခန့်အပ်ရန် သဘောတူညီမှုရရှိပါက လက်ရှိနည်းပြဘလန့်ကို ရာထူးမှထုတ်ပယ်ရန်စီစဉ်ထားသော်လည်း ပယ်ချခံခဲ့ရသည့်အတွက် နောက်ထပ်နည်းပြသစ်တစ်ဦးကို ရှာဖွေလျက်ရှိနေကြောင်း သိရသည်။

STA



# အန်တိုနီ၏အခြေအနေနှင့်ပတ်သက်၍ အသေးစိတ် စောင့်ကြည့်စစ်ဆေးသွားမည်ဟု မန်ယူအသင်း ထုတ်ပြန်

**မန်ချက်စတာ စက်တင်ဘာ ၇**

မန်ယူအသင်းက လက်ရှိဘရာဇီးနိုင်ငံတွင် နေအိမ်အကြမ်းဖက်မှုနှင့် စွဲချက်တင်ခံထားရပြီး အမှုရင်ဆိုင်နေရသည့် တိုက်စစ်မှူး အန်တိုနီနှင့်ပတ်သက်ပြီး အသေးစိတ်စောင့်ကြည့်ကာ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ အန်တိုနီသည် အတူနေချစ်သူကို ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး နေအိမ်အကြမ်းဖက်မှုပြုလုပ်ခဲ့သည့်အတွက် ဘရာဇီးနိုင်ငံ ဆာပေါ်လိုတရားရုံးတွင် အမှုရင်ဆိုင်နေရသောကြောင့် ဘရာဇီးအသင်းကလည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် အသင်းကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့သည်။

မန်ယူအသင်းကလည်း အန်တိုနီ၏ အခြေအနေနှင့်ပတ်သက်ပြီး သေချာစောင့်ကြည့်ကာ အရေးယူမှုများ ပြုလုပ်သွားမည်ဟုကြေညာခဲ့သည်။

အန်တိုနီသည် အေဂျက်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ရန်ရုန်းကန်နေရသည့်အချိန်တွင် ယခုကဲ့သို့နေအိမ်အကြမ်းဖက်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းတွင် အန်တိုနီမတိုင်မီက လူငယ်ကစားသမား ဂရင်းဝုဒ်သည်လည်း အန်တိုနီကဲ့သို့ အတူနေချစ်သူကိုကိုယ်ထိလက်ရောက်ကျူးလွန်ပြီး နေအိမ်အကြမ်းဖက်မှုနှင့်အမှုရင်ဆိုင်ခဲ့ရဖူးပြီး ဂရင်းဝုဒ်အနေဖြင့် ပြစ်မှုမရှိကြောင်းထင်ရှားသည့်အတွက် အမှုမှပြန်လည်လွတ်မြောက်ခဲ့သော်လည်း မန်ယူအသင်းတွင်ကစားခွင့်မရရှိဘဲ ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဂီတာဖေးအသင်းသို့အငှားသွားရောက်ကစားခဲ့ရကြောင်း သိရသည်။

STA

ခရီးသွားဆောင်းပါး

# ရာဇဝင်ထဲက ပုဂံ

သက်နိုင်(မြင်ဦးလွင်)

ဘုရားဖူးလေ့လာရေးခရီးအဖြစ်ထွက်လာခဲ့ကြတာ ကျောက်ပန်းတောင်းမြို့မှာ တစ်ညရပ်နားအိပ်စက်ခဲ့ကြပြီး ပုဂံ-ညောင်ဦးအသွားလမ်းက ထန်းရည်ဆိုင်တန်းတွေရှိတဲ့နေရာကို ရောက်ရှိနေကြပါပြီ။ အရင်တုန်းက ဒီခရီးကို ကျောင်းသား၊ ကျောင်းသူတွေနဲ့ လေ့လာရေးလာရင် နီးစပ်အဆင်ပြေတဲ့ ထန်းတောတစ်ခုခု၊ ထန်းတဲတစ်ခုခုမှာ ကားရပ်လိုက်ပြီး ဒါကို ရင်းထောင်လို့ ခေါ်တယ်။ ဒါက ရင်းဆွဲ၊ ဒါက ထန်းလှီးဓား၊ ဒါကို ကလိုင်လို့ခေါ်တယ်။ ဒါတွေက ထန်းလျှော်တွေ၊ ဟိုဟာက ထန်းလျက်ဖို၊ လာလိုက်ခဲ့ကြ၊ ထန်းလျက်လုပ်တာတွေ ကြည့်ကြရအောင်ဆိုပြီး ကျောင်းသား၊ ကျောင်းသူတွေ ဗဟုသုတရအောင် တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုးကို လက်တွေ့ပြသနိုင်ခဲ့ပေမဲ့ အခုအချိန်မှာ ထန်းရည်ဆိုင်တွေက အရင်လိုတဲငယ်တွေ မဟုတ်တော့ဘဲ ခေတ်မီဆန်းသစ်အဆင့်မြင့်တဲ့ ဆိုင်ကြီးတွေဖြစ်လာတာကြောင့် ထန်းတောနဲ့ထန်းလုပ်ငန်းတွေမှာ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေကို လွယ်လွယ်ကူကူ တွေ့မြင်ရဖို့ မလွယ်ကူတော့ပါဘူး။

ဒါ့ပြင် အရင်တုန်းက ကျောင်းသား၊ ကျောင်းသူတစ်အုပ်ကြီးနဲ့ ထန်းတဲကိုဝင်ပြီး အပျော်သဘောထန်းရည်သောက်ခဲ့ကြတာ ကုန်ကျစရိတ်ဘာမှမရှိပေမဲ့ အခုလို ထန်းရည်ဆိုင်ကြီးတွေမှာ အထိုက်အလျောက်လောက်တော့ ကုန်ကျတော့မှာပါ။ ဆိုင်တွေကို ဖန်တီးပြင်ဆင် ခင်းကျင်းထားတဲ့ ကုန်ကျစရိတ်တွေက နည်းနည်းနောနော မဟုတ်ဘူးဆိုတာ မြင်တာနဲ့ သိသာနေတယ်။ အချို့ထန်းရည်ဆိုင်ကြီးတွေက ခမ်းနားကြီးကျယ်လွန်းလို့ ထန်းရည်ဆိုင်မှဟုတ်ပါ့မလားလို့ ထင်မှတ်နေရတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာ့ရိုးရာသဘာဝထန်းရည်ဆိုင်တွေ သန့်ရှင်းသပ်ရပ်ပြီး အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်လာတာကို ဂုဏ်ယူဝမ်းမြောက်ရတော့မှာပါ။

ကျောက်ပန်းတောင်းမြို့ကနေ မနက်စောစောထွက်လာချိန်တုန်းက နေမထွက်သေးပေမဲ့ ထန်းရည်ဆိုင်တွေကို လေ့လာကြည့်ရှုပြီးချိန်မှာ နေထွက်လာပါပြီ။ ထန်းရည်မသောက်ဘဲ၊ ဘာမှမစားဘဲ ထန်းရည်ဆိုင်တွေမှာ ဝင်ရောက်လေ့လာခဲ့ရတာကိုတော့ အားနာပါတယ်။ ဒါပေမဲ့ ဆိုင်အတွင်းမှာ ပြောင်လက်တောက်ပနေတဲ့ ဆိုဖာစက်တီကြီးတွေ၊ စားပွဲကုလားထိုင်တွေ၊ လေအေးပေးစက်တွေ၊ အခမဲ့အင်တာနက် ဝိုင်ဖိုင်စနစ်တွေရှိနေတာကို သိမြင်ခွင့်ရခဲ့တယ်။ ထန်းရည်ဆိုင်တန်းတွေကို ကျော်လွန်လာခဲ့ပြီး မကြာခင်မှာ တုရင်တောင်ကြီးကို လှမ်းမျှော်မြင်လိုက်ရသလို မိနစ်အနည်းငယ်အတွင်းမှာ ပုဂံ-ညောင်ဦးကို ဝင်ရောက်ပါတော့မယ်။

ပုဂံကို မြန်မာပြည်တွင်းမှာသာမက ပြည်ပနိုင်ငံ အများအပြားကလဲ သိရှိကြပါတယ်။ ဒီလိုသိကြတာက မျက်မှောက်ခေတ်ကာလမှာသာ မဟုတ်ဘဲ ရှေးနှစ်ပရိစ္ဆေဒကြာမြင့်စွာကတည်းက ဖြစ်ပါတယ်။ သမိုင်းအစဉ်အလာ မှတ်သားချက်တွေအရ ပုဂံကို ၁၀၇ ခုနှစ် ယုန်လွှတ်ကျွန်းအရပ်မှာ သမုဒ္ဒရာဇ်မင်းက ကျေးရွာ ၁၉ ရွာနဲ့ စုစည်းတည်ထောင်ခဲ့တာလို့ဆိုတယ်။ ယုန်လွှတ်ကျွန်းဆိုတာ ဧရာဝတီမြစ်နဲ့ ချောက်မိုင်အကွာ တုရင်တောင်ရဲ့အရှေ့ဘက်တစ်မိုင်အကွာမှာရှိပါတယ်။ ပုဂံပြည်က သမုဒ္ဒရာဇ်မင်းကစပြီး မင်းဆက် ၅၅ ပါးအရောက် စောမွန်နှစ်လက်ထက်မှာ ပျက်သုဉ်းသွားခဲ့ရတယ်။ နှစ်ပေါင်း ၅၁၉ နှစ်တိုင်အောင် ထင်ရှားကျော်ကြားခဲ့တဲ့ တိုင်းပြည်ကြီးတစ်ခုပါ။

ရှည်လျားလှတဲ့ ပုဂံခေတ်ကာလတစ်လျှောက် မင်း၊ မိဖုရားကြီးတွေ၊ မှူးကြီးမတ်ကြီးတွေ၊ မြို့သူ၊ မြို့သားတွေ၊ အခြားအလှူရှင်တွေက စေတီပုထိုးပေါင်း မြောက်မြားစွာကို တည်ထားကိုးကွယ်ခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေက စေတီ၊ ပုထိုးပေါ်များတဲ့ တိုင်းပြည် (The Land of Pagodas) လို့ ခေါ်ဆိုခဲ့ကြတယ်။ ပုဂံမြေမှာရှိတဲ့ စေတီ၊ ပုထိုးအရေအတွက်ကို "လှည်းဝင်ရိုးသံ တည့်ည့် ပုဂံဘုရားပေါင်း"လို့ မှတ်သားထားခဲ့ကြပါတယ်။ ပုဂံပြည်ကို တည်ခဲ့တဲ့ ခုနှစ်၊ သက္ကရာဇ်တွေ၊ မင်းဆက်တွေ၊ နန်းစံသက်တမ်းတွေ ပျက်သုဉ်းသွားခဲ့ရတဲ့ အကြောင်းရင်းတွေ စတဲ့ သမိုင်းဆိုင်ရာအချက်အလက်တွေကို အငြင်းပွားမှု မရှိသလောက် နည်းပါးခဲ့ကြပေမဲ့ တည်ရှိနေတဲ့ ဘုရားစေတီပေါင်းနဲ့ပတ်သက်ပြီး ဟုတ်တယ်၊ မဟုတ်ဘူး၊ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတဲ့ အငြင်းပွားမှုတွေ ရှိနေခဲ့တယ်။

"လှည်းဝင်ရိုးသံ တည့်ည့် ပုဂံဘုရားပေါင်း"ဆိုတဲ့ မှတ်သားထားချက်ကို ကိန်းဂဏန်းတွေနဲ့ဖလှယ်ကြည့်မယ်ဆိုရင် ၄၄၄၆၇၃၃ ဆူရှိနေတယ်။ ဒီကိန်းဂဏန်း အရေအတွက်က ပုဂံမှာ အမှန်တကယ်ရှိနေတဲ့ အရေ



ပုဂံရှိ စေတီ၊ ပုထိုးများကို တွေ့ရစဉ်။

အတွက်ထက် အဆမတန်ပိုမိုများပြားနေကြောင်းကိုလဲ တွေ့မြင်နေရတယ်။ ပုဂံခေတ်အခါက မုဆိုးမတစ်ယောက်အနေနဲ့ ဘုရားတည်နိုင်ခဲ့တယ်ဆိုပြီး အဆိုရှိနေခဲ့ပေမဲ့ ဒီလောက်ထိများပြားလှတဲ့ ဘုရားစေတီတွေတည်ဖို့အတွက် လုံလောက်တဲ့မြေနေရာ မရှိဘူးလို့လဲ ဆိုကြပြန်တယ်။ ပုဂံပြည်ရဲ့ ဧရိယာအကျယ်အဝန်းက ၁၆ စတုရန်းမိုင်လောက်သာ ရှိနေတာပါ။ ပုဂံဘုရားတွေနဲ့ပတ်သက်ပြီး ခေတ်အဆက်ဆက် လူကြီးသူမတွေ၊ ဒေသခံရပ်မိရပ်ဖတွေက မှတ်သားထားချက် သံပေါက်ပါ ကိန်းဂဏန်းတွေထဲမှာ စေတီ၊ ပုထိုးအဆူတွေကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ဘုရားစေတီအတွင်းမှာရှိနေတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ၊ဆင်းတုတော်တွေ၊ နံရံဆေးရေးပန်းချီ ပုံတော်တွေကိုပါ ထည့်သွင်းရေတွက်ထားတာဖြစ်တယ်လို့ ပြောဆိုကြပါတယ်။

ပုဂံမှာရှိနေတဲ့ ဘုရားစေတီတွေနဲ့စပ်လျဉ်းပြီး နောက်ထပ်သံပေါက်တစ်ခုလဲ ရှိနေပါသေးတယ်။ ဒါကတော့ "ရွှေလသာ ဝါဝါဝင်း၊ ပုဂံဘုရားမြစ်တွင်း၊ ရေချိုးဆင်း" ဆိုတာပါ။ စပ်ဆိုရေးဖွဲ့ထားတဲ့သံပေါက်အရ ဘုရားစေတီ ၄၄၆၄၄၄ ဆူက ဧရာဝတီမြစ်ကမ်းပါး ပြိုကျသွားတဲ့ထဲမှာ ရေထဲကျပါသွားတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုပြိုကျပျက်စီးသွားတဲ့ ဘုရားစေတီတွေကို နုတ်ပယ်လိုက်ရင်တောင် ၄၀၀၀၂၈၉ ဆူကျန်ရှိနေပါသေးတယ်။ ဒီအရေအတွက်ကလဲ မဖြစ်နိုင်သေးပါဘူး။ ပုဂံဘုရားတွေအနေနဲ့ ပုဂံခေတ်တစ်ခေတ်ကတည်းက တည်ခဲ့ကြတာမဟုတ်ဘဲ ကုန်းဘောင်ခေတ်ရောက်တဲ့ထိ ဘုရားတွေတည်ထားမှုရှိနေကြောင်း သဗ္ဗညုစေတီအနီးမှာရှိတဲ့ သီပေါမင်းကောင်းမှုတော် ကုသိုလ်တော်စေတီက သက်သေခံနေတယ်။ ဒါပေမဲ့ ခေတ်အဆက်ဆက်က အလှူရှင်အသီးသီးတွေ တည်ထားကိုးကွယ်ခဲ့ကြတဲ့တိုင်အောင် ဒီလောက်ထိများပြားတဲ့ အရေအတွက် မရှိနိုင်ဘူးဆိုတာ ထင်ရှားနေပြန်ပါတယ်။ ဧရာဝတီမြစ်ကမ်းဘေးမှာရှိနေတဲ့ ဗူးဘုရား၊ လောကနန္ဒာ စတဲ့ စေတီတော်တွေအနီးက ဘုရားစေတီတွေ မြစ်အတွင်းကို ပြိုကျပျက်စီးသွားတယ်ဆိုတဲ့ သမိုင်းအထောက်အထားတွေလဲ ရှိမနေပါဘူး။

အချို့သုတေသီတွေက သံပေါက်ဆိုတာ "အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်"ဆိုတဲ့အတိုင်း အစလေးလုံးကိုသာ ရေတွက်မှတ်ယူကြဖို့ ပြောဆိုကြပြန်တယ်။ ဒီအတိုင်းသာဆိုရင် ဘုရားစေတီပေါင်း ၄၄၄၆ ဆူသာ ရှိနေတယ်။ အင်းဝခေတ် မိုးညှင်းသတိုးမင်းလက်ထက်က ပုဂံဘုရားအရေအတွက်ကို "ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း" ဆိုပြီး ၄၄၇၄ ဆူ သတ်မှတ်ထားခဲ့တယ်။ ကုန်းဘောင်ခေတ် အမှတ်အသားတစ်ခုကလဲ-

"မြတ်ဘုရားဆူရေ
ဖြူရွှေလို့ဝင်း
ပုဂံပြည်
ဘယ်တိုင်းဘယ်ဌာနီနှင့်
စံမမီလွန်ထင်ရှား
စောမုနိများ"လို့ ဆိုထားတာကြောင့် "ဖြူရွှေလို့ဝင်း" အရေအတွက်အရ ၅၄၄၄ ဆူပါ။ အချို့သုတေသီတွေက မြန်မာသံပေါက်ဂဏန်းတွေကို ပြောင်းပြန်ဖတ်ယူရတယ်ဆိုပြီး ပြောဆိုမှတ်သားချက်တွေနဲ့ တွက်လိုက်ရင် ၄၄၄၅ ဆူ ဖြစ်သွားသလို "လှည်းဝင်ရိုးသံ" ၄၄၄၆ ဆူနဲ့ တစ်ဆူသာ ကွာခြားနေပါတော့တယ်။ ဒါပေမဲ့ ကိုလိုနီခေတ် ဗြိတိသျှကမ္ဘည်းကျောက်စာဌာနက ပုဂံဘုရားတွေကို စာရင်းကောက်ယူတဲ့အခါ ၂၁၇၁ ဆူရှိကြောင်း ဖော်ပြထားတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၇၃ ခုနှစ်က ကောက်ယူခဲ့တဲ့စာရင်းတွေအရ စေတီတော်တွေ၊ သာသနိကအဆောက်အအုံတွေအပါအဝင် ၂၂၁၇ ဆူရှိနေတယ်။ ၂၂၁၇ ဆူဆိုတာကို "ကျောင်းကြီးအုတ်နီ" လို့ မှတ်သားထားကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် "ပုဂံသည် မြန်မာ့ယဉ်ကျေးမှု၏အစဖြစ်သည်၊ မြန်မာ့စာပေ၏အစဖြစ်သည်၊ မြန်မာ့သမိုင်း၏အစဖြစ်သည်"ဆိုတဲ့အချက် ဘယ်သူမှ မငြင်းနိုင်ကြပါဘူး။

တုရင်တောင်ကို ကျော်ဖြတ်လာခဲ့ပြီး မကြာခင်မှာ ပုဂံမြို့တွင်းကို ဝင်ရောက်လာကြတယ်။ ပုဂံမြို့တွင်းလို့ အလွယ်တကူခေါ်လိုက်ပေမဲ့ ပုဂံမြို့လား၊ ညောင်ဦးမြို့လားဆိုတာကို တိတိကျကျမသိပါဘူး။ တစ်ခါတလေ ဘုရားဖူးရင်းနဲ့ မျက်စိလည်ပြီး ဘယ်ဘုရားကိုသွားချင်လို့၊ ဘယ်နေရာကိုသွားချင်လို့ဆိုပြီး စုံစမ်းမေးမြန်းလိုက်ရင် အဲဒါက ပုဂံဘက်မှာ၊ အဲဒါက ညောင်ဦးဘက်မှာနဲ့ ပုဂံနဲ့ညောင်ဦးကို ပိုမိုမျက်စိလည်ရောထွေးသွားရတော့တယ်။ အခုလဲ ပုဂံမှာနေတာလား၊ ညောင်ဦးမှာ နေတာလားမသိတဲ့ တူလေးတစ်ယောက်ကို ကျောက်ပန်းတောင်းမြို့ကနေထွက်လာကတည်းက ဖုန်းနဲ့ဆက်သွယ်ထားတဲ့အခါ အာနန္ဒာဘုရားရှိရာကိုရောက်အောင်လာခဲ့ပါ။ အာနန္ဒာဘုရားကိုရောက်ရင် ဖုန်းပြန်ဆက်ပေးပါ။ သူလာခဲ့ပါ့မယ်ဆိုတာနဲ့ အာနန္ဒာဘုရားသွားတဲ့လမ်းကို မေးမြန်းစုံစမ်းရတယ်။ ဒီအခါမှာလဲ ပုဂံဘက်မှာဆိုပြီး ပြောဆိုလမ်းညွှန်ကြပြန်တယ်။ ပုဂံလား၊ ညောင်ဦးလား သဲသဲကွဲကွဲမသိပေမဲ့ နောက်ဆုံးမှာ အာနန္ဒာဘုရားကို ရောက်လာကြတယ်။

တူလေးရောက်လာတော့ မနက်စာစားကြရအောင်ဆိုပြီး ဆိုင်တစ်ဆိုင်ကိုခေါ်သွားတယ်။ ဆိုင်က ဘုရားဝင်းလား၊ ဘုန်းကြီးကျောင်းဝင်းလားမသိတဲ့ ဝင်းကြီးတစ်ခုအတွင်းမှာပါ။ မုန့်တီသုပ်၊ ခေါက်ဆွဲသုပ်၊ မန္တလေးမြီးရှည် စတာတွေကို အဓိကထားရောင်းတာကြောင့် မုန့်တီသုပ်တစ်ပွဲစီ မှာစားလိုက်ကြတယ်။ လက်ရာကောင်းကောင်းနဲ့ အရသာရှိရှိ စားလိုက်ရလို့ ခရီးဖော်လူကြီးတစ်ယောက်က အခုခရီးစဉ်မှာ အစားအသောက်တွေ စားကောင်း၊ သောက်ကောင်းနဲ့ ကံကောင်းနေဆဲဖြစ်တယ်ဆိုပြီး မှတ်ချက်ပြုခဲ့တယ်။ ခရီးတွေထွက်ကြတဲ့အခါ အစားအသောက်တွေကို အဆင်ပြေပြေနဲ့ကောင်းကောင်းမွန်မွန် စားသောက်ရတာကလဲ ကံကောင်းခြင်းတစ်ခုဖြစ်ပါတယ်။

တူလေးက ဆရာဝန်တစ်ယောက်ဖြစ်နေလို့ စားသောက်ပြီးကြတာနဲ့ သူဖွင့်ထားတဲ့ဆေးခန်းရှိရာကို ခေါ်ဆောင်သွားခဲ့တယ်။ ခရီးဖော်တွေအားလုံးက အသက်အရွယ်ကြီးနေကြပြီဖြစ်တာကြောင့် ခရီးသွားနေရင်းနဲ့ ပင်ပန်းနွမ်းနယ် နေမကောင်းဖြစ်ချင်နေတာတွေ၊ ဗိုက်နာ၊ ခါးနာ၊ ကိုက်ခဲနေတာတွေရှိရင်လိုအပ်တဲ့ ဆေးကုသမှုတွေ၊ ဆေးပေး၊ ဆေးလိမ်းမှုတွေ လုပ်ကြရအောင်လို့ပါ။ ဒါပေမဲ့ ခရီးဖော်တွေအားလုံးက ဘာမှမဖြစ်ကြဘဲ တက်တက်ကြွကြွ၊ လန်းလန်းဆန်းဆန်းနဲ့ အဆင်ပြေပြေ ရှိနေကြတယ်။ ခရီးတွေသွားလာကြတဲ့အခါ အဖွဲ့ဝင်ခရီးဖော်တွေအားလုံး ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတာကလဲ အထူးကံကောင်းသလို မင်္ဂလာတစ်ပါးလို့ ပြောရင် ရပါတယ်။ ခရီးဖော်တစ်ယောက်ယောက်က နေမကောင်း ထိုင်မသာဖြစ်နေတယ်ဆိုရင် သူခံစားနေရတဲ့ ရောဂါဝေဒနာ အကြီးအသေး၊ အနည်းအများ၊ စိုးရိမ်စရာ ရှိ၊ မရှိ သက်သာမှုရှိ၊မရှိတွေကို မူတည်ပြီး ကျန်တဲ့ခရီးဖော်တွေအားလုံးကလဲ ပူပန်သောကစိတ်ဒုက္ခတွေ ရောက်ကြရတာကြောင့် ခရီးစဉ်မှာ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ ကြုံတွေ့ကြရသလို ပျော်ရွှင်မှုတွေလဲ ပျောက်ဆုံးကြရတော့တယ်။ ဘာရောဂါ အနာတရမှမဖြစ်ဘဲ အရက်သေစာသောက်စားပြီး မူးယစ်နေတဲ့ လူတစ်ယောက်ပါလာရင်တောင် စိတ်ညစ်ကြရပါတယ်။

အခုအချိန် အခုခရီးစဉ်မှာ ခရီးဖော်တွေအားလုံးက နေကောင်းကျန်းမာနေကြလို့ ဘာအခက်အခဲမှ မရှိသလို အားလုံးကလဲ စိတ်တူကိုယ်တူ သဘောတူအတိုင်အဖောက်ညီကြတာကြောင့် ဝမ်းသာပျော်ရွှင်စရာကောင်းနေတယ်။ မြန်မာ့ယဉ်ကျေးမှုအစ၊ မြန်မာ့စာပေအစ၊ မြန်မာ့သမိုင်းအစ ရာဇဝင်ထဲက ပုဂံကို လေ့လာကြည့်ရှု ဘုရားဖူးလိုက်ပါအုံးမယ်။ မြန်မာလူမျိုးတိုင်းရဲ့ ရင်ထဲမှာရှိနေတဲ့ပုဂံမှာ လေ့လာစရာတွေ၊ ဂုဏ်ယူစရာတွေ၊ စံပြုစံထား အံ့သြလောက်စရာတွေ အပြည့်ပါ။

# ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာ ၁၈ ဦး၏ ပန်းချီလက်ရာများကို စုစည်းပြသမည်



**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာ ၁၈ ဦး၏ ပန်းချီလက်ရာများကို စက်တင်ဘာ ၉ ရက်မှ ၁၆ ရက်ထိ စုစည်းပြသမည်ဖြစ်ကြောင်း အဆိုပါပြခန်းမှ တာဝန်ခံ ပန်းချီဆရာ ခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီ ကျော်စိုး၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ လှဖုန်းအောင်၊ ပန်းချီ ဇော်ဇော်ကို၊ ပန်းချီ စောစတီးဖ၊ ပန်းချီ အောင်သွင်ဦး၊ ပန်းချီ မိုးညို၊ ပန်းချီ ဥမ္မာ၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ သန်းထိုက်၊ ပန်းချီ မွန်သက်၊ ပန်းချီ စိုးအောင်၊ ပန်းချီ ဝင်းသန္တာ၊ ပန်းချီ ရွှေသိန်း၊ ပန်းချီ ညီအောင်မော်၊ ပန်းချီ မောင်မြင့်အောင်၊ ပန်းချီ ကေကျော်၊ ပန်းချီ မင်းဇော်အောင် တို့၏ လက်ရာစုံပန်းချီကား ၅၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့်အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲမှာပါဝင်မဲ့ ပန်းချီဆရာတွေအားလုံးက ဈေးကွက်မှာ နာမည်ရပြီးသားဖြစ်တဲ့ ပန်းချီဆရာတွေဖြစ်ပါတယ်။ အခုပြမဲ့ ကားတွေကလဲ ဒီနှစ်မှ ရေးဆွဲထားတဲ့ ပန်းချီကားသစ်တွေဖြစ်တဲ့အတွက် ပန်းချီကားစုဆောင်းသူတွေ အကြိုက်တွေ့ကြမှာပါ။ အွန်လိုင်းကလဲ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်"ဟု ပန်းချီ ခင်ဇော်လတ်က ပြောပြသည်။

အဆိုပါ ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး တစ်ကားလျှင် အနည်းဆုံး ငွေကျပ် ၅၀၀၀၀၀ မှ သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# TheCaineMutinyCourt-Martialကို အွန်လိုင်းဖျော်ဖြေရေးလုပ်ငန်းက ထုတ်လွှင့်ပြသမည်

**နယူးယောက် စက်တင်ဘာ ၇**

ကွယ်လွန်သူ ဒါရိုက်တာဝီလျံ ဖရိုက်ကင်း၏ နောက်ဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သော The Caine Mutiny Court-Martial ဇာတ်ကားကို Paramount အွန်လိုင်းဖျော်ဖြေရေးလုပ်ငန်းက လာမည့် အောက်တိုဘာ ၆ ရက်တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။


အဆိုပါဇာတ်ကားသည် အမေရိကန်စာရေးဆရာ ဟားမန်းဝေါ့၏ ပူလစ်ဇာဆုရဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ဒါရိုက်တာဝီလျံ ဖရိုက်ကင်းမကွယ်လွန်မီ နောက်ဆုံးရိုက်ကူးခဲ့သည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာဝီလျံ ဖရိုက်ကင်းသည် ဩဂုတ် ၇ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၇ နှစ်ရှိပြီဖြစ်သည်။

ဝီလျံဖရိုက်ကင်းသည် The Exercist နှင့်The French Con-nection ကဲ့သို့ ကမ္ဘာကျော်ဇာတ်ကားများ ရိုက်ကူးခဲ့သူဖြစ်ပြီး The French Connection ဇာတ်ကားအတွက် အကောင်းဆုံးဒါရိုက်တာဆု အပါအဝင် အော်စကာဆု ငါးဆုထိ ရရှိခဲ့သူဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျေဆင်းကလပ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်ထားကြောင်း သိရသည်။

KKO




# သူရာဘီလူး ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar You Tube Channel တွင် ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၇**

သူရာဘီလူး ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၉ ရက်မှစတင်ကာ Channel K Myanmar You Tube Channel တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် မင်းကိုက ပြောပြ၍ သိရသည်။

သူရာဘီလူး ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုကို မို့မို့ဆန်း(မြိုင်ရာဇာတွတ်ပီ ရုပ်ပြဇာတ်လမ်း)က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို အကယ်ဒမီ စိုးကျော်ဆန်းက ရေးသားထားကြောင်း၊ မြို့ရွှေမန်းသား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စိန်ဝင်းသောင်း(ကန့်ဘလူ)က စီစဉ်ထုတ်လုပ်ခြင်းဖြစ်ပြီး ဒါရိုက်တာ ထွန်းအောင်ဇော်က ရိုက်ကူးတင်ဆက်ထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ တစ်ခေတ်တစ်ခါက အောင်မြင်ထင်ရှားခဲ့တဲ့ ကာတွန်းဆွေမင်းရဲ့ (မြိုင်ရာဇာတွတ်ပီ ရုပ်ပြဇာတ်လမ်းတွဲ) တွေထဲက ဇာတ်လမ်းကောင်းတစ်ပုဒ်ကို မူလက ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်ထားတာဖြစ်ပါတယ်။ နှစ်အားဖြင့်တော့ ကြာမြင့်ပြီဖြစ်ပေမဲ့ ဇာတ်လမ်းဇာတ်အိမ်ကောင်းကောင်း၊ ဇာတ်ညွှန်း ဒါရိုက်တာတွေကလဲ အကယ်ဒမီဆုရှင်တွေ၊ သရုပ်ဆောင်တွေကလဲ အကယ်ဒမီဆုရှင်တွေချည်းဖြစ်တဲ့အတွက် ဘယ်အချိန်ကြည့်ကြည့် ပရိသတ်ရင်ထဲငြိမဲ့ဇာတ်လမ်းတွဲဖြစ်ပါတယ်"ဟု မင်းကိုက ပြောပြသည်။




သူရာဘီလူး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် လူမင်း၊ မော့စ်၊ မျိုးသန္တာထွန်း၊ မယ်လိုဒီ၊ ထက်ရှားနှင့် မင်းကို စသည့်သရုပ်ဆောင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# ဒါရိုက်တာ ယောဂို့လန်သီမော့၏ ဇာတ်ကားသစ်၌ မင်းသမီး အမ်မာစတုန်း ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် စက်တင်ဘာ ၇**

ဂရိဒါရိုက်တာ ယောဂို့လန်သီမော့ ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး အမ်မာစတုန်း ပါဝင်သရုပ်ဆောင်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

တရားဝင် ဇာတ်ကားနာမည် ထုတ်ဖော်ကြေညာထားခြင်းမရှိသည့် အဆိုပါဇာတ်ကားတွင် မင်းသမီး အမ်မာစတုန်း ပါဝင်သရုပ်ဆောင်ထားမှုကို ဒါရိုက်တာ လန်သီမော့က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

မင်းသမီး အမ်မာစတုန်းနှင့် ဒါရိုက်တာ လန်သီမော့တို့သည် The Favourite နှင့် Poor Things စသည့်ဇာတ်ကားများတွင် အတူပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည်။

၎င်းတို့နှစ်ဦး ပူးပေါင်းဆောင်ရွက်ထားသည့် နောက်ဆုံးဇာတ်ကားမှာ Poor Things ဖြစ်ကာ အကြိမ် ၈၀ မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ စက်တင်ဘာ ၁ ရက်တွင် ပွဲဦးထွက်ပြသခဲ့ကြောင်း၊ အဆိုပါဇာတ်ကားကို ဒီဇင်ဘာ ၈ ရက်တွင်ရုံတင်ပြသရန် Seachlight Pictures ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# အမရပူရမြို့နယ်ရှိ သမိုင်းဝင်ရတနာဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ရိုးရာပွဲ (ရတနာဂူနတ်ပွဲ)ကို စက်တင်ဘာ ၈ ရက်မှစ၍ ကျင်းပသွားမည်

**မန္တလေး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ သမိုင်းဝင်ရတနာဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ရိုးရာပွဲ (ရတနာဂူနတ်ပွဲ)ကို စက်တင်ဘာ ၈ ရက်မှစ၍ အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးက ပြောပြ၍ သိရသည်။

အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စုရှိ အင်းဝမင်းကြီး စွာစော်ကဲ တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင်ရတနာဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ရိုးရာပွဲ (ရတနာဂူနတ်ပွဲ)ကို စက်တင်ဘာ ၈ ရက်မှစ၍ နတ်ညီလာခံများ၊ တက်ပွဲများ စတင်ကျင်းပပြီး စက်တင်ဘာ ၁၀ ရက်တွင် ချိုးရေတော်သုံးပွဲတော်၊ စက်တင်ဘာ ၁၄ ရက်တွင် ထိန်ခုတ်ပွဲ၊ မယ်တော်ပို့ပွဲများ ကျင်းပပြုလုပ်ပြီး သံယာတော်များကို စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းလှူကာ ပွဲတော်ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရတနာဂူပွဲဖြစ်တယ်။ ပွဲလယ်နေရာမှာ ဆိုင်ဖွင့်ဈေးရောင်းမှာပါ။ ဒီနှစ်တောင်ပြုန်းပွဲမှာ လူအများအပြားလာကြသလို ရတနာဂူပွဲမှာလဲလာကြမှာပါ။ အခုဆိုင်ခန်းအရေအတွက် ၄၀ လောက်ရှိပါတယ်"ဟု ဦးခင်မောင်စိုးက ပြောပြသည်။

ရတနာဂူနတ်ပွဲသို့ မန္တလေး၊ အမရပူရ၊ တံတားဦး၊ စစ်ကိုင်း၊ မုံရွာ မန္တလေးမြို့နှင့်အနီးဝန်းကျင်မှ ဘုရားပွဲလာ၊ နတ်ပွဲလာသူများဖြင့် စည်ကားစွာကျင်းပလျက်ရှိပြီး တောင်ပြုန်းနတ်ပွဲပြီးနောက် အနယ်နယ်အရပ်ရပ်မှ လာရောက်မှုအများဆုံးနတ်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။ ASH

# Families of Office of the Commander-in-Chief (Army, Navy and Air) hold fourth monsoon tree-growing ceremony 2023


Senior General Min Aung Hlaing delivers address at the tree planting ceremony.

Nay Pyi Taw September 7

Aimed at conserving natural environment, contributing the climatic conditions, giving shade and supporting State economy on one hand, families of the Office of the Commander-in-Chief (Army, Navy and Air) and relevant military commands have been holding the monsoon tree-growing ceremonies on a manageable scale since 2011.

This year's fourth ceremony of the families of the Office of the Commander-in-Chief (Army, Navy and Air) took place near Yezin Dam in Zeyathiri Township of Nay Pyi Taw today, attended by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing who grew a teak tree.

Also present at the ceremony were his wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and their wives, Union level officials and their wives, the commander of Nay Pyi Taw Command, senior officer trainees from the National Defence College, officers and other ranks of the offices and departments of the Office of the Commander-in-Chief (Army) and families.


Senior General Min Aung Hlaing plants a teak sapling.

**Only when forests are systematically grown, will they help harmonize conservation of natural environment and ecosystem**

In his speech, the Senior General first expressed his pleasure for active and happy participation of all in tree-growing ceremony. Now, everybody knows the globe is warming due to deforestation. Consequently, human faces natural disasters such as drought, flooding, storms, landslides and earthquakes. Moreover, other wildlife species face depletion gradually. These are bad consequences between living beings and ecosystem.

Forests much affect environment, ecosystem of living beings and social system. Forests were used in economic development tasks in successive eras but it is necessary to regrow trees. **Extraction of necessary volume of trees and reforestation can help socioeconomic development of the people and conservation of environment and ecosystem in harmony. Extreme extraction of timber caused climate change. So, the temperature of Nay Pyi Taw increased to 28.5°C at present, up from 26.97°C in 2006.** As such, the Tatmadaw undertook the public movements in growing trees across the nation.

As the globe faces warming, underground water becomes dried and rivers silted as well as creeks and drains dried. So, it can be seen that all living beings face difficulty for survival. As such, it is necessary to systematically manage sustainability of forest resources, greening the environment, reduction of climate change and prevention of natural disasters. The Senior General said it needs to take pride in growing trees as a noble measure for the humans.


Vice-Senior General Soe Win waters a sapling.

With regard to the geographical conditions of Myanmar, it is an environment endowed with bless of god for a human. Myanmar is located with high mountain ranges in the west, north and east, and these mountain ranges are covered thick forests. Moreover, Chindwin, Ayeyawady and Sittoung rivers between western and eastern mountain ranges are stretching in parallel with Pontaung Ponnya and middle mountain range called Minwun mountain range in addition to Shan plateau. These mountain ranges are covered with forests, and these forests must be efficiently utilized, beneficial for the State.

**Needs to conserve forests and green environments as national duty**


Colonialists aggressively invaded Myanmar endowed with valuable forests and extremely extracted timbers.

*See page 13*


A sapling being watered.


A sapling being watered.

# Number of local and foreign visitors observing net fishing with help of Irrawaddy dolphins increases this month


Visitors on a boat observing Irrawaddy dolphins.

**Mandalay September 7**

There have been more and more local and foreign visitors viewing net fishing with the help of Irrawaddy dolphins in the Ayeyawady River between Mandalay and Kyaukmyaung since the start of September, said U Maung Maung Lay, leader of the Irrawaddy dolphin protection team.

"More local and foreign visitors are coming to observe the indigenous dolphins and traditional net fishing with their help here between Mandalay jetty and Mandalay-Kyaukmyaung," U Maung Maung Lay said.

Until the last week of August, there were just around 100 visitors daily observing the traditional net fishing. But from the first week of this month, there have been more than 130 visitors daily. When the tides are high in the river, the Irrawaddy dolphins are usually roaming off Indaung Village in Wetlat Township, Sagaing Region, and Mingun region.

According to a survey conducted from 10 to 20 February 2020 in the river sector from Mandalay to Bhamo of Kachin State, there are 79 Irrawaddy dolphins. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# White flowers obtained from common weed fetch up to 12,000 kyats per viss in Mandalay

**Mandalay September 7**

The white flowers obtained from the common weed in the Mandalay market have good demand, fetching a price of 12,000 kyats per viss, according to Mandalay traders.

It is being sold from areas close to Mandalay. In the market, when dry plants of white flowers are sold, the price reaches 12,000 kyats per viss, said U Soe Win Myint, the owner of the Soe Win Myint wholesale center in Mandalay.

"White flower is a kind of common weed. It often grows in cornfields. The flower is white, and the plant is one foot high. In the past, farmers killed it with herbicides. They uprooted it. It has been two and a half years since it became a market plant. Previously, it was only called a weed. Later, it was called white flower because of its white flowers. It has become a valuable plant. Farmers and traders are now getting extra income and benefiting," he explained.

185

*From page 12*

Moreover, timbers were extracted in successive eras to earn incomes for the State. So, forest coverage area declined to 42 per cent. Natural resources can be renewed and some cannot be renewed. Forests can be renewed naturally, and human can help reforestation. If people do not correctly reestablish forests, the country will face impacts of the nature. Especially, **it is necessary to conserve forests close to the rural areas and those residing in urban areas need to green their environs as a national duty.**

In its agricultural engagements, the Tatmadaw is growing seasonal and perennial crops as well as windbreaks. It contributes to food security and shades. **As the saying goes "a good tree can house a ten thousand birds", growing trees and crops will facilitate food security and benefits for our own environment. So, we should do it with far-sightedness.** This is why all are urged to participate in the efforts to create a green environment and green one's own environment.

The Office of the Commander-in-Chief (Army) has held annual tree-planting ceremonies since 2011. Until the third ceremony this year, 190,473 saplings have been planted. Of them, only 109,885 trees survived accounting for just 55 percent. **Responsible officials need to take supervisory measures to ensure all the trees survive and thrive in full percent as such collective tree planting ceremonies take time and manpower.** At today's fourth ceremony, 3,528 saplings of teak, manjansha and padauk. Efforts are necessary for their survival.

It is a human duty to remedy global warming. **The habit of planting and conserving trees is very humane so special emphasis on this task is required. From the start of growing to the time of thriving, special care is necessary without fail in terms of seasonality and life expectancy of trees.** Growing trees is supportive for both the present and future.

**SAC Chairman Commander-in-Chief of Defence Services and wife lead teak growing**

The Senior General and wife led planning teak saplings. Next, the senior officers and wives, officers, other ranks and their families planted saplings in their designated places. Then, the Senior General, wife and party encouraged those participating in the ceremony.

**194,001 saplings of teak, perennials and windbreaks planted in the area of Yezin Dam from 2011 to 2023**

Today, 1,764 teak saplings, 882 manjansha saplings and 882 padauk saplings totalling 3,528 were planted. In the area of the dam, families of the Office of the Commander-in-Chief (Army, Navy and Air) held 39 ceremonies from 2011 to 2023 in which 194,001 saplings were planted.

**The whole Tatmadaw grows 175,674 saplings today**

Similar ceremonies were held in the various military commands across the country with 7,380 saplings in Nay Pyi Taw Command, 15,255 in Northern Command 20,135 in North-East Command, 9,525 in Eastern Command, 13,618 in Central East Command, 14,613 in Triangle Region Command, 5,445 in South-East Command, 13,529 in Coastal Region Command, 9,083 in Yangon Command, 13,230 in South-West Command, 10,964 in Western Command, 9,112 in North-West Command, 20,207 in Central Command and 10,050 in Southern Command,totalling 175,674.

100

# Mawlamyinegyun sent 107,000 bags of rice to Yangon within a month

**Mawgyun September 7**

Mawlamyinegyun Township of Labutta District in Ayeyawady Region sent 107,000 bags of rice to Yangon market in August, said Daw Win Win Maw, rice and paddy trader in Mawlamyinegyun Township.

Rice and paddy traders from Lawlamyinegyun Township purchase paddy to be milled and then send them to Yangon market. The township sold 54,000 bags of rice to Yangon in July compared to 107,000 bags in August.

"We have sent more than 100,000 bags of rice to Yangon last month. Now, rice from Ayeyawady Region has high demand from other regions. So, we purchase remaining summer paddy to be milled and then send them to Yangon market. Prices of rice is set as usual," she explained.

Mawgyun distributes Pawsan, Pyapon Pawsan, Manaw Thukha, Thai Baygyar, 90-day, Hnankar, Shwethweyin, Ayeyamin and Hsinthukha to Yangon.

In August, Pawsan was sold at K100,500 per bag, Taungpyan K98,599, Thai Baygyar K70,000, Manaw Thukha K73,000, Theehtetyin K75,000, 90-day K75,000, Hnankar K67,000, Shwethweyin K73,000, Ayeyamin K67,000 and Hsinthulha K65,000.

Kyaw Kyaw Lin


Bags of rice in a warehouse.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းက ဒရုန်းများဖြင့် တိုက်ခိုက်မှုကြောင့် ရုရှား၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်မှုပြုလုပ်




ယူကရိန်းသည် မော်စကိုဒေသကို ဒရုန်းများဖြင့် တိုက်ခိုက်မှုများကြောင့် ရုရှားလေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း စက်တင်ဘာ ၃ ရက်က နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

ဤလုပ်ဆောင်မှုသည် သတ္တု သို့မဟုတ် ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည့် ခိုင်ခံ့သော တာတမံများနှင့် တာဝါတိုင်များပေါ်တွင် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို အခြေပြုတပ်ဖြန့်ချထားခြင်းပင်ဖြစ်သည်။ ထို့ပြင် Pantsir-S1၊ Pantsir-S2 နှင့် အာတိတ်ဗားရှင်း Pantsir-SA လေကြောင်းရန်ကာကွယ်ရေး စနစ်များကို ပြန်လည်နေရာချထားခြင်းလည်း ပါဝင်သည်။

အချို့သော စစ်ဘက်လေ့လာအကဲခတ်ကျွမ်းကျင်သူများက အဆိုပါ ဖွဲ့စည်းပုံသစ်များကို ဒုတိယကမ္ဘာစစ်အတွင်း ဘာလင်မြို့တစ်ဝိုက်တွင် တည်ဆောက်ခဲ့သော ဂျာမနီနိုင်ငံ၏ Flak Towers များနှင့် ခိုင်းနှိုင်းပြောဆိုခဲ့ကြသည်။

လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ၏ အကွာအဝေးနှင့်ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းကိုမြှင့်တင်လိုခြင်း ရည်ရွယ်ချက် တူညီကြသည်။ ထို့ပြင် မော်စကိုမြို့သူ၊ မြို့သားများကို စိတ်ဓာတ်မြှင့်တင်ရေး အခန်းကဏ္ဍတွင်လည်း တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။

အဆိုပါ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ တပ်ဖြန့်နေရာချထားမှုဖွဲ့စည်းပုံအဆင့်မြှင့်တင်မှုများကို အရေးတကြီး လုပ်ဆောင်လာသည်မှာ ယူကရိန်းတို့၏ ဒရုန်းတိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်လာခဲ့ခြင်းကြောင့်ဖြစ်သည်။

၎င်းတိုက်ခိုက်မှုများတွင် ရုရှားနိုင်ငံအတွက် အရေးပါသော လုံခြုံရေးစိန်ခေါ်မှုတစ်ရပ်အဖြစ် ရောက်ရှိစေရန် မော်စကိုဒေသကို တိုက်ခိုက်မှုများပါဝင်ခဲ့သည်။ တိုက်ခိုက်မှုများ၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုကြား ထိတ်လန့်မှု၊ မသေချာမရေရာမှုများ ဖန်တီးရန်နှင့် ရုရှားစစ်ဘက်၏ စွမ်းဆောင်ရည်များအပေါ် လူထုယုံကြည်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ဆောင်လိုခြင်းလည်းဖြစ်နိုင်သည်။

ဒရုန်းအန္တရာယ်များကို ချက်ချင်းကာကွယ်ခြင်းအပြင် လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် ဖြန့်ကြက်မှုဖွဲ့စည်းပုံအသစ်များသည် ရုရှား-ယူကရိန်း ပဋိပက္ခတွင် မဟာဗျူဟာမြောက် အကျိုးသက်ရောက်မှုများရှိမည်ဟု မျှော်လင့်ရသည်။ ၎င်းတို့တွင် အရင်းအမြစ်များ၊ စစ်ဘက်ဆိုင်ရာပိုင်ဆိုင်မှုများနှင့် စစ်လက်နက်ပစ္စည်းကိရိယာများကို ရှေ့တန်းနေရာများမှအဝေးသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် ရုရှားပိုင်နက်အတွင်း ပိုမိုနက်ရှိုင်းသည့် နောက်တန်းနေရာများသို့ ရွှေ့ပြောင်းနေရာချထားခြင်းများပါဝင်သည်။

ဤသို့ နေရာပြောင်းရွှေ့တပ်ဖြန့်ရာတွင် Pantsir-S1၊ Pantsir-S2 စသည့် အရေအတွက် အတိအကျမသိရသော Pantsir လက်နက်စနစ်များ အထူးသဖြင့် အာတိတ်ဒေသအတွက်အသုံးပြုရန် ထုတ်လုပ်ထားသည့် Pantsir-SA လက်နက်စနစ်များပါ အများအပြားပါဝင်လာသည်။

နည်းပညာဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ အဆိုပါနေရာပြန်လည်ချထားဖွဲ့စည်းမှုများသည် Pantsir လေကြောင်းရန် ကာကွယ်ရေးစနစ်များ၏ ထိရောက်သော ရေဒါလွှမ်းခြုံနိုင်မှုနှင့် ကြားဖြတ်တိုက်ပွဲဝင်နိုင်စွမ်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အရေးကြီးသော အခန်းကဏ္ဍမှ ဦးစားပေးလုပ်ဆောင်သွားလိမ့်မည်ဖြစ်သည်။

ဥပမာအားဖြင့် တာတမံများသည် အမြင့် ၁၀ မီတာထိရှိသည့်အတွက် အမြင့်မီတာ ၅၀ မှ ပျံသန်းလာသောပစ်မှတ်များကို ဖမ်းယူထောက်လှမ်းရာတွင် ၃၃ ကီလိုမီတာမှ ၄၂ ကီလိုမီတာထိ ရေဒါလွှမ်းခြုံနိုင်မှုကို ကျယ်ပြန့်စွာလုပ်ဆောင်နိုင်စေပြီး တာဝါတိုင်များသည် အမြင့် မီတာ ၅၀ တွင် နေရာချထားသောအခါတွင် ရေဒါလွှမ်းခြုံမှုကို ၅၈ ကီလိုမီတာထိ အနိမ့်ပျံပစ်မှတ်များရန်မှ လွှမ်းခြုံကာကွယ်နိုင်မည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ် အတိအကျကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးသော်လည်း မော်စကိုမြို့တော်ဝန် Sergei Sobyanin က ဝန်ထမ်းအင်အား ၁၅၀၀ မှ ၂၀၀၀ တို့ဖြင့် များပြားလှသော အဆိုပါလေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် တပ်ဖြန့်ချထား အခြေပြုနေရာများတည်ဆောက်ရန် နေ့စဉ်လုပ်ဆောင်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**Ukrainian drone attacks lead Russia to reinvent Moscow air defense ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်လေတပ်က နောက်ဆုံးပေါ် ပြည်တွင်းဖြစ်ဒရုန်းအသစ်များ ထုတ်ဖော်ပြသသွားမည်

အီရန်နိုင်ငံ လေတပ် (IRIAF)ဦးစီးချုပ်က အီရန်နိုင်ငံထုတ် နောက်ဆုံးပေါ် ပြည်တွင်းဖြစ် ဒရုန်းအသစ်များကို မကြာမီကာလအတွင်း ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု အီရန်နိုင်ငံပိုင် en.mehrnews.com သတင်းဌာနက စက်တင်ဘာ ၅ ရက်တွင် အစီရင်ခံတင်ပြခဲ့သည်။

အီရန်နိုင်ငံလေတပ် (IRIAF)သည် ဒရုန်းများကို စတင်ထုတ်လုပ်နေပြီဖြစ်ပြီး ဒရုန်းများထုတ်လုပ်ရေးနယ်ပယ်တွင် နိုင်ငံ၏အောင်မြင်မှုများကို မကြာမီထုတ်ဖော်ပြသတော့မည်ဖြစ်ကြောင်း လေတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Hamid Vahedi က စက်တင်ဘာ ၄ ရက်က IRNA သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

IRIAF မှထုတ်လုပ်မည့် ဒရုန်းများတွင် Kaman-12 နှင့် Kaman-22 အမျိုးအစားများပါဝင်မည်ဖြစ်ကြောင်း Vahedi က ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်း အီရန်စစ်ဘက်မှ ကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာရှင်များသည် ကျယ်ပြန့်သော ပြည်တွင်းထုတ် စစ်လက်နက်ပစ္စည်းကိရိယာများထုတ်လုပ်ရေးတွင် အရေးပါသော ကနဦးလုပ်ဆောင်ချက်များကို ချမှတ်ဖော်ဆောင်ခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့များအတွက် စစ်လက်နက်ပစ္စည်းများဖြည့်တင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်တွင်းဖြစ် အီရန်ထုတ် စစ်လက်နက်ပစ္စည်းများသည် ကမ္ဘာပေါ်တွင် ဖောက်သည်နိုင်ငံများစွာထံမှ ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့ကြသည်။ ကာကွယ်ရေးအတွက်သာ လုံးဝရည်ရွယ်သည့် ၎င်း၏စစ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် အစီအစဉ်များအပေါ် မည်သည့်အခါမျှ တွန့်ဆုတ်နေမည်မဟုတ်ကြောင်း အီရန်အရာရှိများက အကြိမ်ကြိမ် သတိပေးထားသည်။

Kaman-12 ဒရုန်းသည် အီရန်လေတပ်တွင် တပ်ဖြန့်အသုံးပြုနေသည့် အီရန်နိုင်ငံထုတ် ဒရုန်းအမျိုးအစားဖြစ်သည်။ ၎င်း၏ ပထမဆုံးပျံသန်းမှုသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၁ ရက်တွင် လုပ်ဆောင်နိုင်ခဲ့သည်။ ဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ အမြန်နှုန်းဖြင့် အကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ ပျံသန်းနိုင်ပြီး ၎င်း၏တစ်ကြောင်းသုံး စစ်ဆင်ရေးအကွာအဝေးမှာ ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၂၀၀၀ ထိရှိကြောင်း သိရသည်။



Kaman-22 ဒရုန်းသည် အီရန်နိုင်ငံ၏ ကိုယ်ထည်ကျယ်ပြန့်သော တိုက်ခိုက်ရေး ဒရုန်းအမျိုးအစားဖြစ်ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် အီရန်လေတပ်မှ ထုတ်ဖော်ပြသခဲ့ဖူးသည်။ ၎င်းသည် အီရန်နိုင်ငံထုတ် ပထမဆုံးကိုယ်ထည်ကျယ်ဝန်းသောဒရုန်းအမျိုးအစားဖြစ်သည်ဟု မှတ်ချက်ပြုထားကြသည်။

Kaman-22 ၏ အကွာအဝေးစွမ်းရည်သည် ကီလိုမီတာ ၃၀၀၀ ခန့်ရှိပြီး ပေါက်ကွဲစေတတ်သောပစ္စည်းများ ကီလိုဂရမ် ၃၀၀ သယ်ဆောင်နိုင်စွမ်းရှိသည်။

အီရန်စစ်ဘက် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Aziz Nasirzadeh ၏ အဆိုအရ Kaman-22 တိုက်ခိုက်ရေး ဒရုန်းသည် ကျည်မျိုးစုံသယ်ဆောင်နိုင်သော ပထမဆုံး ပြည်တွင်းထုတ် ကိုယ်ထည်ကျယ်ဝန်းသည့် ဒရုန်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

**Iran Air Force to unveil newest homegrown UAV: cmdr. ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၂၇၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဇော်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၂၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံဧက ၆၄၇၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၂၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက သီးနှံစုံဧက ၆၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မိုးသီးနှံစုံဧကလျာထား ချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီ စိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ နည်းပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မိုးသီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၃၈၀၈၅ ဧက၊ ဆီထွက်သီးနှံ ၃၅ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ ကြံ ၁၂ ဧက၊ အခြားသီးနှံ ၁၀၁၁၅ ဧက စုစုပေါင်း ၄၈၂၇၄ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မိုးစပါး ၅၄၅၁၃ ဧက၊ ဆီထွက်သီးနှံ ၃၅ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ ကြံ ၁၂ ဧက၊ အခြားသီးနှံ ၁၀၁၂၃ ဧက စုစုပေါင်းဧက ၆၄၇၁၀ ဖြစ်ကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သွင်းအားစုပစ္စည်းများ ဈေးကြီးနေသဖြင့် တခွန်ပေါင်းခံရည် ပြုလုပ်သုံးစွဲနည်းများ၊ သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား ဇော်တင်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ မြို့မအုပ်စု ဖွေးဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် ဖွေးဟိုင်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ကျိုက်လတ်မြို့နယ် ခနောင်ကျေးရွာ၌ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် ဇော်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငပိချောင်းကျေးရွာအုပ်စု ခနောင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ၄၀၀ ပို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ခနောင်ကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးစားပေးကြသလို အဆိုပါလုပ်ငန်း ရေရှည်ကောင်းမွန်အောင်လည်း ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ခနောင်ကျေးရွာတွင် ကျေးရွာတွင်း ၄၀၀ ပို့ ဓာတ်အားလိုင်း ပေ ၂၅၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် သိန်း ၂၅၀ ဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက် ပြီးစီးပြီဖြစ်သောကြောင့် ခနောင်ကျေးရွာရှိ ကျေးလက်နေပြည်သူတို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုစနစ်များ၊ လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောပြ၍ သိရသည်။

**ကိုလှိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၁၀ |

**(သာဓ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

စာမျက်နှာ ၁၇ မှအဆက်

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် ရှုပေါင်းသစ်ပင် ၁၇၅၆၇၄ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊နှစ်ရှည်စားသုံးသီးနှံပင်၊အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၃၈၀၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၅၂၅၅ ပင်၊အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၁၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၅၂၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၆၁၈ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၆၁၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၅၄၄၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၅၂၉ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၉၀၈၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၃၂၃၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၉၆၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၁၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၀၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၀၅၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော် တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။


နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်သန်းလှိုင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၃ ခုနှစ် တော့ထွအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အုန်းပင်ကို စိုက်ပျိုးပေးစဉ်။


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခိုးလှိုင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။


အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေလင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခိုးမင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။


အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ရတနာတန်းဝင်ကျွန်းပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုစဉ်။


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။


တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကာကွယ်ရေးဝန်ကြီးဌာနၵ္ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်လင်းထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြီး အရာထမ်း၊အမှုထမ်း ၁၆၀ က မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ရွေးကောက်ပွဲများတွင် ခေတ်နှင့်လျော်ညီစွာ နည်းပညာအကူအညီရယူ၍ Myanmar Electronic Voting Machine(MEVM)စက်များကို ပြည်တွင်းနည်းပညာရှင်များဖြင့် မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီမှုရှိစွာ ဖန်တီးဆောင်ရွက်ထားရှိမှုသည် အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများ ဖော်ဆောင်နိုင်ရေးအားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။

မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးစက်အသုံးပြုမဲပေးနိုင်သည့်အတွက် မဲလက်မှတ်ရိုက်နှိပ်မှုကုန်ကျစရိတ်၊ မဲရုံသုံးပစ္စည်းဝယ်ယူမှုကုန်ကျစရိတ် စသည့် သမားရိုးကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ ယခင်အခြေအနေတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်နိုင်သည့် ပယ်မဲများမရှိနိုင်တော့သည့်အတွက် မဲဆန္ဒရှင်တို့၏ ဆန္ဒမဲများ အဟောသိကံဖြစ်မှု မရှိနိုင်တော့ခြင်း၊ မဲရလဒ်များကို အချိန်တိုအတွင်းသိရှိနိုင်ခြင်း၊ မဲလက်မှတ်များဖောင်းပွစွာ ရိုက်နှိပ်မှုကဲ့သို့သော မဲမသမာမှုများ မရှိနိုင်တော့ခြင်း အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

မဲပေးရာတွင်လည်း မဲဆန္ဒရှင်များအနေဖြင့် မိမိတို့မဲပေးရွေးချယ်ခဲ့သည့်ပါတီ၊ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲဖြတ်ပိုင်းတွင် မျက်မြင်တွေ့ရှိပြီးမှ မဲပုံးအတွင်းသို့ ရောက်ရှိသွားသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် မဲပေးနိုင်သည့်အပြင် မဲရလဒ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါကလည်း မဲရလဒ်များဖော်ပြသည့်ဖြတ်ပိုင်းကို မဲဆန္ဒရှင်များ ဆန္ဒပြုခဲ့သည့် ဆန္ဒမဲဖြတ်ပိုင်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထိုကဲ့သို့သော ရည်ရွယ်ချက်ကောင်း၊ အကျိုးကျေးဇူးကောင်းများစွာဖြင့် တီထွင်ဆောင်ရွက်ထားသော MEVM စက်ကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ သွားရောက်၍ သရုပ်ပြရှင်းလင်းဆွေးနွေးခြင်းများကို မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၃၃ ခု၌ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၆၃၇၄ ဦးတို့က လက်တွေ့စမ်းသပ် မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဆောင်ရွက်ရာတွင်လည်း စက်နှင့်ပတ်သက်၍ ချို့ယွင်းချက်တစ်စုံတစ်ရာမျှဖြစ်ပေါ်ခြင်းမျိုး မရှိသည့်အပြင် အချိန်တိုအတွင်း အခက်အခဲမရှိ ရိုးရှင်းလွယ်ကူစွာဖြင့် စမ်းသပ်မဲပေးခဲ့ကြသည်ကို တွေ့ရှိရသည်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများ၏ လက်တွေ့မဲပေးမှု အတွေ့အကြုံများမှတစ်ဆင့် အကြံပြုဆွေးနွေးချက်များရှိပါကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းအကြံပြုချက်များအပေါ် သုံးသပ်၍ ပိုမိုကောင်းမွန်သည့်စနစ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဘိုကလေးမြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့အဆင့်မြှင့်တင်နိုင်ရေး၊ စုပေါင်းတန်းစီကွင်းနှင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်းအားကစားကွင်းများ ထပ်မံဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်ဖြည့်စွက်စာများ ကျွေးမွေးနိုင်ရေးအတွက် လှူဒါန်းငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘိုကလေး)သို့ ရောက်ရှိပြီး ကျောင်းအုပ်နှင့် နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍



အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကျောင်းဝင်းအတွင်းရှိ စားရိပ်သာ၊ အိပ်ဆောင်၊ ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ စာကြည့်တိုက်၊ စတိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေးနှင့် စုပေါင်းတန်းစီကွင်းပြုလုပ်ပေးနိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်)သို့ ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။ ဆက်လက်၍ ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ အိပ်ဆောင်၊ စားရိပ်သာများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိပြီး ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခဌာနမှူးများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး အိပ်ဆောင်များ၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ပျိုးဥယျာဉ်၊ ငွေနှင်းမှိုစိုက်ပျိုးထားရှိမှု၊ ဆောင်ရွက်ဆဲ လေးထပ်အင်ဂျင်နီယာ စာသင်ဆောင်၊ အားကစားကွင်း အဆင့်မြှင့်တင် မြင်ဆင်ဆောင်ရွက်နေမှုနှင့်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❑ မြစ်ရေကြီးမှုအခြေအနေမှ**

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **(မိုး/ဇလ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူထု၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

**မြစ်ကြီးနား စက်တင်ဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးအမှုအဖွဲ့များ၊ အရပ်ဘက်လူမှုကူညီရေးအသင်းအဖွဲ့များက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံ၏လိုအပ်ချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက်လုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားတက္ကသိုလ်၌ မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ နည်းပြဆရာ၊ ဆရာများ၊ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းပြောကြားကာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခများ၊ ပါမောက္ခဌာနမှူးများက တက္ကသိုလ်နှင့် ဘာသာရပ်ဆိုင်ရာအလိုက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားတက္ကသိုလ် လူငယ်သီတင်းပတ် (Youth Fair Week) ဗလငါးတန်ဖွံ့ဖြိုးရေးလှုပ်ရှားမှုများ (လူငယ်နှင့်မိတ္တဗလ)အစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် မောင်နှမဆောင်များ မိတ်ဆုံစားပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီး မစ္စတာမူဘာရက်(ခ်) အမ် အေ အလက်ဝါနီအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်သမား စသည့်ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်သွားရေးနှင့် လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အထူးသဖြင့် အာဆီယံ-အာရပ်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ကုလသမဂ္ဂမူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနအကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"Together for Clean Air- လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့"**ဖြစ်ပြီး လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ လေထုအရည်အသွေးဆိုင်ရာ အစီအမံများနှင့် ဖြေရှင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လေထုညစ်ညမ်းမှုကိုကျော်လွှားနိုင်ရန်အတွက် အခန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

လေထုညစ်ညမ်းမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုကိုပါဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များအသုံးပြုရေး၊ အစိမ်းရောင်စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များကို သန့်ရှင်းသောလေထု၊ စိမ်းလန်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်များကို လက်ဆင့်ကမ်းအမွေပေးသွားနိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။




ထို့နောက် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies)အထိမ်းအမှတ်ဗီဒီယိုကို ပြသပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ်ပိုစတာများပြသထားမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စက်တင်ဘာ ၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၆၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် မော်လမြိုင်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၅၆ ပါးကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ တာပုံကျောင်းတိုက်မှ သံဃာတော် ၆၀ ပါးနှင့် ဒေသခံပြည်သူ ၃၅ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဆင်ဖြူစာသင်တိုက်မှ ရဟန်း၊ သာမဏေ ၇၂၁ ပါး တို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌လည်းကောင်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်စိမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ တစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



**နေပြည်တော် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးနန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်စျေးထက် သက်သာသော စျေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော စျေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာ ရောင်းချပေးစဉ်။

# ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ဥစားကြက်နှင့် အသားတိုးကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ ဥစားကြက်မွေးမြူထားရှိမှု၊ အသားတိုးကြက်မွေးမြူထားရှိမှု၊ Evap Type ဥစားကြက်မွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် နို့စားနွား မွေးမြူထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကျိုင်းတုံပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်ဖွင့်ပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကျိုင်းတုံပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံပညာရေး ဒီဂရီကောလိပ်၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ် သင်တန်းသား၊ သင်တန်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများက ထာဝရ မြန်မာသီချင်းဖြင့် ကပြဖျော်ဖြေကြပြီးနောက် အမှတ်တရ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသထားမှုများနှင့် ဈေးရောင်းပွဲတော်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ လူငယ်သီတင်းပတ်လှုပ်ရှားမှုကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ma Pont” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကန်ကြီးရပ်ကွက်နေ သင်းသင်းလွင်(ခ) မပုံကို ည ၇ နာရီ ၄၅ မိနစ်တွင်အောင်လံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ခဲ့သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ လွယ်လင့်တကူလှူဒါန်းနိုင်ရန် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာစာရင်းအမှတ်ပြောင်းလဲမှု အသိပေးကြေညာခြင်း

၂၀၂၃ ခုနှစ် မေ ၁၄ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ခဲ့သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်များ လွယ်လင့်တကူ လှူဒါန်းနိုင်ရန် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ဖွင့်လှစ်ထားသော မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 နှင့် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်၊ မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ကြောင်း QR Code များနှင့်တကွ ကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာလှူဒါန်းလိုသည့် ပြည်တွင်း၊ပြည်ပ စေတနာရှင်များအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ထပ်မံဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဖိလစ်ပိုင်နိုင်ငံရှိ ကန်လုံမီးတောင် ပုံမှန်ထက်သက်ဝင်လှုပ်ရှားမှုနှုန်းမြင့်မားနေ



**မနီလာ အောက်တိုဘာ ၇**

ဖိလစ်ပိုင်နိုင်ငံ နီဂရို့စ်နယ်မြေရှိ ကန်လုံမီးတောင်သည် ပုံမှန်ထက် သက်ဝင်လှုပ်ရှားမှုနှုန်းမြင့်မားနေသည့်အတွက် အချိန်ပြည့်စောင့်ကြည့်သွားရမည့်အခြေအနေဖြစ်ကြောင်း ဖိလစ်ပိုင် ငလျင်နှင့်မီးတောင်ဗေဒဆိုင်ရာ အင်စတီကျု (Phivolcs)က ထုတ်ပြန်ခဲ့သည်ဟု ABS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကန်လုံ မီးတောင်အနီးတွင် စက်တင်ဘာ ၄ ရက်မှ ယနေ့ထိ အသေးစား မြေငလျင်လှုပ်ခတ်မှု ၃၄ ကြိမ် လှုပ်ခတ်ခဲ့ခြင်းကြောင့်လည်း မီးတောင်သက်ဝင်လှုပ်ရှားမှုနှုန်း မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် ငလျင်နှင့်မီးတောင်ဗေဒဆိုင်ရာအင်စတီကျု (Phivolcs)က ထုတ်ပြန်ခဲ့သည်။

"ကန်လုံ မီးတောင်အနီးမှာ ဩဂုတ်လနဲ့စက်တင်ဘာလအတွင်း မြေငလျင်လှုပ်ခတ်မှုနှုန်း အကြိမ်ရေမြင့်မားခဲ့တဲ့အတွက် မီးတောင်က သက်ဝင်လှုပ်ရှားမှုနှုန်းမြင့်တက်လာတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ သုံးရက်တာကာလအတွင်း မီးတောင် သက်ဝင်လှုပ်ရှားမှုနှုန်းက အရမ်းမြင့်တက်လာတယ်။ သတိထားစောင့်ကြည့်ရမဲ့ အခြေအနေဖြစ်ပါတယ်။ တကယ်လို့ သက်ဝင်လှုပ်ရှားမှုနှုန်း ကျမသွားဘူးဆိုရင်တော့ မီးတောင်အန္တရာယ် သတိပေးချက်တွေ သတ်မှတ်ရမယ်။ လက်ရှိအနေအထားအရလဲ မီးတောင်အန္တရာယ် အဆင့် (၁)ကနေ အဆင့်(၂)အဖြစ် သတိပေးချက်သတ်မှတ်လို့ရပါတယ်။ သက်ဝင်လှုပ်ရှားမှုနှုန်း လျော့ကျမသွားဘဲ ဒီပုံစံအတိုင်း နောက်ထပ်ရက်အနည်းငယ်ဆက်သွားမယ်ဆိုရင်တော့ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်တွေ ချက်ချင်းဖြစ်ပေါ်လာနိုင်တဲ့အခြေအနေလဲဖြစ်ပါတယ်"ဟု ဖိလစ်ပိုင် ငလျင်နှင့် မီးတောင်ဗေဒဆိုင်ရာအင်စတီကျု (Phivolcs)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မီးတောင်အနီး အသေးစား မြေငလျင်လှုပ်ခတ်မှု အကြိမ်ရေအမြောက်အမြား လှုပ်ခတ်ခဲ့မှုကြောင့် မီးတောင်သက်ဝင်လှုပ်ရှားမှုနှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် ငလျင်နှင့် မီးတောင်ဗေဒဆိုင်ရာအင်စတီကျု (Phivolcs)က ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ကနေဒါနိုင်ငံ ကိုကီပီခရိုခ်ဒေသ၌ တောမီးကြောင့် နေအိမ်နှင့် အခြေခံအဆောက်အအုံများပျက်စီး

**အော့တဝါ အောက်တိုဘာ ၇**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကိုကီပီခရိုခ်ဒေသ၌ တောမီးလောင်ကျွမ်းမှုသည် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းနေပြီး နေအိမ် ခြောက်လုံးနှင့် အခြေခံအဆောက်အအုံ အမြောက်အမြားပျက်စီးခဲ့ကြောင်း ဗြိတိသျှ ကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Global News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုသည် ဖရေဆာချိုင့်ဝှမ်းတွင် ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ပျက်စီးခဲ့သော အခြေခံအဆောက်အအုံ အရေအတွက်ကိုစိစစ်နေဆဲဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကိုလည်း အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးစားနေကြောင်း ဖရေဆာချိုင့်ဝှမ်းမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိခဲ့ပြီး နေအိမ်ခြောက်လုံးထိ မီးလောင်ကျွမ်းပျက်စီးခဲ့ကာ အခြေခံအဆောက်အအုံအမြောက်အမြား မီးလောင်ကျွမ်းခဲ့ပါတယ်။ ဒေသခံတော်တော်များများလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ ဒါပေမဲ့ ထိခိုက်ဒဏ်ရာရရှိသူ၊ သေဆုံးသူမရှိပါဘူး။ ဒေသခံတွေကို အချိန်မီဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်။ နေရာတချို့မှာတော့ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသခံတွေကိုတော့ နေရပ်ပြန်ခွင့်မပြုသေးပါဘူး။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့တဲ့ ဧရိယာတစ်လျှောက်က လမ်းမကြီးတချို့လဲ ပျက်စီးခဲ့သလို သစ်ပင်ကြီးတွေ လဲကျတာကြောင့် လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒေသခံတွေအနေနဲ့လဲ ကိုယ့်အနီးပတ်ဝန်းကျင်မှာ ထူးခြားတာမျိုးရှိရင် ဖရေဆာချိုင့်ဝှမ်း အရေးပေါ် အော်ပရေးရှင်းဌာနကို အချိန်မရွေးဖုန်းဆက်ဖို့လဲ အသိပေးထားပါတယ်"ဟု ဖရေဆာချိုင့်ဝှမ်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# တရုတ်နိုင်ငံတွင် ရေကြီးမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူပေါင်းသောင်းနှင့်ချီ ရွှေ့ပြောင်းထားရ

**ပေကျင်း အောက်တိုဘာ ၇**

ယခုသီတင်းပတ်ကုန်ရက်များအတွင်း အပူပိုင်းမုန်တိုင်းဟိုက်ကူရီ ဝင်ရောက်တိုက်ခတ်ခဲ့မှု အရှိန်ကြောင့် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်တွင် စက်တင်ဘာ ၆ ရက် အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများဆက်လက်ဖြစ်ပေါ်နေသဖြင့် လူနှစ်ဦးသေဆုံးပြီး လူပေါင်းသောင်းနှင့်ချီ ဘေးလွတ်ရာ ရွှေ့ပြောင်းထားရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏စက်တင်ဘာ ၆ ရက် သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ Fox News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အပူပိုင်းမုန်တိုင်း ဟိုက်ကူရီ ဝင်ရောက်တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံ အရှေ့တောင်ဘက် ကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်သော ဖူကျန့်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် စာသင်ကျောင်းများပိတ်ထားရကာ မြေအောက်မီးရထားခရီးစဉ်များနှင့် လေယာဉ်ခရီးစဉ်အများအပြား ရပ်ဆိုင်းထားရကြောင်း၊ ထို့ပြင် လူနှစ်ဦးသေဆုံးပြီး လူဦးရေ ၃၀၀၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် မီးသတ်ကားတစ်စီး ရေနှင့်အတူမျောပါသွားပြီး မီးသတ်သမားနှစ်ဦးသေဆုံးကာ ရဲအရာရှိတစ်ဦး ပျောက်ဆုံးနေကြောင်း ဖူကျိုမြို့ မီးသတ်ဌာနက ၎င်းတို့၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် တရုတ် (တိုင်ပေ)သို့ ယခုသီတင်းပတ် အစောပိုင်းရက်များက ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဖူကျန့်ပြည်နယ်သို့ အပူပိုင်းမုန်တိုင်းအဖြစ် အားပျော့ ဝင်ရောက်ခဲ့သော်လည်း စံချိန်တင်မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ ၁၂ နှစ်ကြာကာလအတွင်း အမြင့်ဆုံးစံချိန်တင် မိုးရွာသွန်းမှုဖြစ်ခဲ့ကြောင်း သိရသည်။ AZH



# အိန္ဒိယနိုင်ငံရှိ မြစ်၊ ချောင်း၊ ဆည်မြောင်းများတွင် ရေနည်းပါးနေသည့်အတွက် အာဏာပိုင်များ ဖြေရှင်းဆောင်ရွက်ပေးရန် လယ်သမားများတောင်းဆို

**နယူးဒေလီ အောက်တိုဘာ ၇**

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားမြောက်ပိုင်းဒေသရှိ ကျေးရွာများသည် မိုးခေါင်သည့်အခြေအနေဖြင့် ရင်ဆိုင်နေရပြီး မြစ်၊ ချောင်း၊ ဆည်မြောင်းများတွင် ရေနည်းပါးသည့်အတွက်ကြောင့် သက်ဆိုင်ရာအာဏာပိုင်များ ဖြေရှင်းဆောင်ရွက်ပေးရန် စက်တင်ဘာ ၆ ရက်တွင် လယ်သမားများက စုဝေးတောင်းဆိုခဲ့ကြကြောင်း Greater Kashmir သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားမြောက်ပိုင်းဒေသရှိ ကျေးရွာပေါင်းများစွာမှ လယ်သမားများသည် စက်တင်ဘာ ၆ ရက်က ဘန်ဒီပိုရာခရိုင် အတွင်းဝန်ရုံးရှေ့တွင် စုဝေးခဲ့ကြပြီး မိုးခေါင်ရေရှားမှုကြောင့် သီးနှံများ ဆုံးရှုံးနိုင်ခြေရှိသဖြင့် သက်ဆိုင်ရာအာဏာပိုင်များ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

"အရင်နှစ်က အခုလို မိုးခေါင်ရေရှားတဲ့အခြေအနေကို ကြုံတွေ့ခဲ့ရတဲ့အတွက် ဆည်မြောင်းစနစ်ကို ပြုပြင်တည်ဆောက်ရေးလုပ်ငန်းတွေ သက်ဆိုင်ရာက ဆောင်ရွက်ပေးနေပေမဲ့ ရေရှည်စီမံကိန်းဖြစ်တဲ့အတွက် အခုအသုံးမပြုနိုင်သေးပါဘူး"ဟု ကျေးရွာကိုယ်စားလှယ် ပီယာဇာဒါက ပြောကြားခဲ့သည်။

ဘန်ဒီပိုရာခရိုင်အတွင်းရှိ ကျေးရွာများတွင် မိုးခေါင်ရေရှားမှုဖြင့် မကြာခဏကြုံတွေ့နေရကာ ယခင်နှစ်က အဆိုပါပြဿနာကိုဖြေရှင်းနိုင်ရေးအတွက် ရေစုပ်စက်အသေးစားများကို ချထားပေးခဲ့သော်လည်း ၎င်းရေစုပ်စက်များကို သက်ဆိုင်ရာက တပ်ဆင်ပေးခြင်းမရှိသေးကြောင်း လယ်သမားများက ပြောကြားခဲ့ကြသည်။

ဆည်မြောင်းများမှ ရေမရရှိသဖြင့် အဆိုပါဒေသရှိ အနည်းဆုံးကျေးရွာ ၂၀ တွင် စပါးနှင့် ဟင်းသီးဟင်းရွက်များပျက်စီးခဲ့ရပြီး မွေးမြူရေးလုပ်ငန်းနှင့် ကျွဲ၊ နွားများပါ ဒုက္ခရောက်လျက်ရှိကြောင်း လယ်သမားများက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များကို အဝတီလိုက်စားမှုရှိ၊ မရှိ လယ်သမားများက မေးခွန်းထုတ်ခဲ့ကြပြီး တာဝန်ရှိသူများအနေဖြင့် လယ်သမားများ၏ တောင်းဆိုချက်များကို ရက်အနည်းငယ်အတွင်း ဖြေရှင်းဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံသို့ လီ ဟာရီကိန်းမုန်တိုင်း ဦးတည်တိုက်ခတ်နေ

**ဝါရှင်တန် အောက်တိုဘာ ၇**

လီဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှ အမေရိကန်နိုင်ငံသို့ ဦးတည်တိုက်ခတ်နေကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု Daily Caller သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လီ ဟာရီကိန်းမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအသွင်ဖြင့် အစပျိုးလာခဲ့ခြင်းဖြစ်သော်လည်း အမေရိကန်နိုင်ငံသို့ ဦးတည်တိုက်ခတ်လာရာတွင် ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းသွားခဲ့ကြောင်း၊ လီ ဟာရီကိန်းမုန်တိုင်းသည် အားကောင်းသည့်အတွက် အန္တရာယ်ရှိသည့် မုန်တိုင်းအဖြစ် သတိပေးချက် ထုတ်ပြန်ထားပြီး မုန်တိုင်း ဖြတ်သန်းသွားနိုင်သည့် လမ်းကြောင်းတွင် တည်ရှိသော ဒေသများကိုလည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"လီ ဟာရီကိန်းမုန်တိုင်းဟာ အပူပိုင်းမုန်တိုင်းအသွင်နဲ့ စတင်လာခဲ့တာဖြစ်ပေမဲ့လဲ အမေရိကန်နိုင်ငံအတွင်းကို ဟာရီကိန်းမုန်တိုင်းအသွင်နဲ့ ဝင်ရောက်လာမှာဖြစ်ပါတယ်"ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လီ ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ၏ ဟာရီကိန်းမုန်တိုင်းရာသီအတွင်း စတုတ္ထမြောက် ဝင်ရောက်တိုက်ခတ်မည့်မုန်တိုင်းဖြစ်ပြီး တစ်နာရီလျှင် ၇၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း သိရသည်။

လီ ဟာရီကိန်းမုန်တိုင်းသည် အဆင့်(၁)ဖြင့် တိုက်ခတ်လာသော်လည်း အမေရိကန်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် အဆင့်(၅)သို့ ကူးပြောင်းသွားနိုင်ကြောင်း ပုဂ္ဂလိက မိုးလေဝသဝန်ဆောင်မှုအဖွဲ့ဖြစ်သည့် Accu Weather က ထုတ်ပြန်ခဲ့သည်။


မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၅၇ မိုင်နှုန်းထိ ရောက်ရှိသွားဖွယ်ရှိနေသည့်အတွက် အန္တရာယ်များသည့်အခြေအနေဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

0 w Wv d @

# ပန်းပျိုးလက်

မေခြူးသွယ်(တွံ့တေးမြေ)



(၁)

ငြိမ်းငြိမ်းစိုးဆိုသော ကလေးငယ်လေးတစ်ဦးသည် ဦးစိုးကျော်၊ ဒေါ်အေးမာတို့၏ တစ်ဦးတည်းသော သမီးလေးဖြစ်ပြီး မွေးရာပါ ခြေထောက်မသန်သူ တစ်ဦးလည်းဖြစ်သည်။ အသက် ကိုးနှစ်အရွယ်ထိ ကျောင်းမနေရသေးသော ထိုကလေးရှိရာ အိမ်လေးဆီသို့ သပြေကုန်းရွာကလေး၏ ကျောင်းဆရာကြီး ဦးမင်းသိန်းနှင့် ရွာသူကြီး ဦးသာအောင်တို့ ရောက်လာခဲ့ကြလေသည်။

"သမီး မိဘတွေရှိလား"

ငြိမ်းငြိမ်းစိုးလေး အိမ်ရှေ့တွင် ချိုင်းထောက်နှစ်ခုကို အားပြုပြီး ဆော့ကစားနေရာမှ တစ်စုံတစ်ဦး၏ မေးလိုက်သည့်စကားသံကြောင့် အိမ်ခြံဝသို့ လှည့်ကြည့်လိုက်မိ၏။ ထိုသို့လှည့်ကြည့်လိုက်မိလေတော့ ကျောင်းဆရာကြီး ဦးမင်းသိန်းနှင့် ရွာသူကြီး ဦးသာအောင်ကို တွေ့လိုက်ရသည်နှင့် စူးစမ်းသလို မျက်ဝန်းဝိုင်းလေးဖြင့်ကြည့်ပြီး-

"မေမေရှိပါတယ် ဘဘကြီးရှင့်"

ယဉ်ကျေးလိမ္မာလွန်းသည့် ထိုကလေးမလေးကို ဦးမင်းသိန်းသည် သဘောကျစွာကြည့်ပြီး-

"ဆရာတို့က သမီးမိဘတွေနဲ့တွေ့ချင်လို့လာတာဖြစ်လို့ သမီးမေမေကို ခေါ်ပေးပါ့လား သမီး"

"ဟုတ်ကဲ့ရှင့်"

စကားအဆုံးတွင် မီးခင်ရှိရာ အိမ်နောက်ဖေးသို့ ငြိမ်းငြိမ်းစိုး ချိုင်းထောက်လေးအားပြု၍ လျှောက်လာခဲ့၏။ အဝတ်လျှော်နေသည့်မိခင်နှင့် မလှမ်းမကမ်း အရောက်တွင်တော့-

"အမေ အိမ်ရှေ့မှာ ဧည့်သည်တွေရောက်နေတယ်"

သမီးဖြစ်သူ ငြိမ်းငြိမ်းစိုး၏ အော်သံစာစာလေးကြောင့် ဒေါ်အေးမာတစ်ယောက် အိမ်နောက်ဖေးတွင် အဝတ်လျှော်နေရင်းမှ အပြင်ထွက်လာလေသည်။

"ဪ. . . ရွာသူကြီး ဦးသာအောင်နဲ့ ကျောင်းဆရာကြီး ဦးမင်းသိန်းပါလား၊ အိမ်ပေါ်ကြွပါရှင့်"

ဦးသာအောင်နှင့် ကျောင်းဆရာကြီး ဦးမင်းသိန်း အိမ်ပေါ်ရောက်သည်နှင့် ဒေါ်အေးမာလည်း ဦးမင်းသိန်းနှင့် ဦးသာအောင်ကို စူးစမ်းသလိုကြည့်လိုက်ပြီး-

"ဘာကိစ္စရှိလို့ အိမ်အထိရောက်လာရတာလဲရှင့်"

ဒေါ်အေးမာ မေးလာသောစကားကြောင့် ဦးသာအောင်က အိမ်အပြင်မှာ ချိုင်းထောက်ကို အမှီပြုကာ ဆော့ကစားနေသော ငြိမ်းငြိမ်းစိုးလေးထံ အကြည့်တို့ ရောက်သွားကာ-

"အေးမာ ငြိမ်းငြိမ်းစိုးလေးကို ကျောင်းထားဖို့ မတွေးမိဘူးလား"

ဦးသာအောင်၏စကားကြောင့် ဦးသာအောင်နှင့် ဦးမင်းသိန်း ရောက်လာသည့်အကြောင်းရင်းကို ဒေါ်အေးမာ ရိပ်မိသွားရ၏။ ဒေါ်အေးမာတစ်ယောက် သမီးဖြစ်သူကို လှမ်းကြည့်ကာ သက်ပြင်းကိုချပြီး-

"ကျွန်မ သမီးကို ကျောင်းထားဖို့ဆိုတာက မဖြစ်နိုင်ပါဘူးရှင်။ သူ့အဖေလဲ သဘောတူမှာမဟုတ်ပါဘူး ရွာသူကြီးရယ်၊ ပြီးတော့ ကျွန်မသမီးလေးကို ဒုက္ခိတဆိုပြီး အမြင်မကြည်တဲ့ မျက်လုံးတွေနဲ့ ဝိုင်းပြီးနှိမ်မှာ ကျွန်မ မလိုချင်ဘူး ရွာသူကြီး"

ထိုသို့ပြောလာသော ဒေါ်အေးမာ၏စကားကြောင့် ကျောင်းဆရာကြီး ဦးမင်းသိန်း မနေသာတော့ပေ။ ထို့ကြောင့် ဦးမင်းသိန်းတစ်ယောက် ဒေါ်အေးမာကိုကြည့်ပြီး-

"ဒုက္ခိတဖြစ်ရုံနဲ့ ကလေးတစ်ယောက်ရဲ့ရပိုင်ခွင့်ကို ဆုံးရှုံးခံရမှာလား၊ ခြေထောက်မသန်တာနဲ့ တစ်ဘဝလုံး စာမတတ်မျက်ကန်းတစ္ဆေဘဝနဲ့ နေရမယ်ဆိုတာက ကလေးတစ်ယောက်ရဲ့ ရပိုင်ခွင့်၊ လွတ်လပ်ပိုင်ခွင့်ကို အပြည့်အဝဆုံးရှုံးခံခိုင်းတာနဲ့ တူမနေဘူးလား အစ်မ။ ခြေထောက်မသန်လို့ ကျောင်းမထားဘူး။ ပတ်ဝန်းကျင်က နှိမ်မှာစိုးတယ်။ ဒါဆိုအစ်မကို ကျွန်တော် တစ်ခုမေးမယ်။ ကလေးက တစ်သက်လုံးစာမတတ်ရင် အကန်းတစ်ယောက်လို ဘဝကိုဖြတ်သန်းရမယ်။ အဲဒီအခါ စာမတတ်လို့အနှိမ်ခံရမဲ့ဘဝနဲ့ စာတတ်ချင်လို့ ကျောင်းနေရင်း တချို့သောပတ်ဝန်းကျင်ရဲ့ စကားနာထိုးမှု ဘယ်ဟာက ပိုပြီးဘဝအတွက် နာစရာကောင်းမလဲ အစ်မစဉ်းစားပါ။ ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်မို့ ခဏတာကို မကြည့်ဘဲ ကလေးအတွက် တစ်ဘဝစာကို ကြည့်ပေးသင့်တယ်လို့ ကျွန်တော်မြင်တယ်။ အခုဆို ကလေးက အရွယ်အတော်လွန်နေပြီ။ ကိုးနှစ်ဆိုတဲ့ အသက်အရွယ်က နှစ်တန်း၊ သုံးတန်းမှာရှိနေရမဲ့ အသက်အရွယ်ဆိုတာ အစ်မတို့လဲ သိမှာပါ။ ပြီးတော့ ဒီလောက်အသက်အရွယ်ရောက်မှ ကလေးက သူငယ်တန်းက စတက်ရမှာဆိုတော့ ကလေးရဲ့ပညာရေးနှောင့်နှေးနေတာကို အစ်မအနေနဲ့ ကောင်းကောင်းနားလည်မယ်လို့ထင်ပါတယ်။ ကလေးအတွက် တစ်ခဏတာမကြည့်ဘဲ တစ်ဘဝစာ ကြည့်ပေးစေချင်တာက ကျွန်တော့်ရဲ့စိတ်ရင်းအမှန်ပါ"

ကျောင်းဆရာကြီး ဦးမင်းသိန်း၏စကားကို နားထောင်ပြီး ဒေါ်အေးမာ ဘာဆက်ပြောရမည်မှန်း မသိအောင်ငြိမ်သွားရ၏။ ဆရာကြီး ပြောလာသည့် စကားတို့သည် မမှားသောကြောင့် ဒေါ်အေးမာ တစ်ယောက်တွေတွေလေးဖြစ်သွားရပြီး "ကလေးအဖေနဲ့တိုင်ပင်ပါအုံးမယ်"ဟု ကတိပေးလိုက်လေ၏။ ထိုသို့ကတိပေးလိုက်သည်နှင့် ကျောင်းဆရာကြီးနှင့် ရွာသူကြီးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျှော်လင့်ချက်ရောင်ခြည်သန်းနေသော ပီတိအပြုံးများဖြင့် ပြန်သွားကြ၏။ ဒေါ်အေးမာတစ်ယောက်ကတော့ သမီးငယ်၏ ရှေ့ရေးကိုတွေးပူရင်း ပူလောင်ခြင်း ပရိဒေဝတစ်ခု ရင်မှာစွဲကျန်ခဲ့ရလေသည်။

(၂)

ညခင်းအချိန်ရောက်လေတော့ ယာစိုက်ခင်းမှ ပြန်ရောက်လာသော ခင်ပွန်းဖြစ်သူ ဦးစိုးကျော်ကို ကျောင်းဆရာကြီးနှင့် ရွာသူကြီး ဦးသာအောင် ရောက်လာသည့်အကြောင်းကို ပြန်ပြောပြလိုက်၏။ ထိုသို့ပြောပြသည့်အခါ ဦးစိုးကျော်သည် ဖက်ကြမ်းပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုခဲရင်း တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားနေလေသည်။ သူသည်လည်း သမီးလေး ငြိမ်းငြိမ်းစိုး၏ ဘဝရှေ့ရေးကို အမြဲပူပန်စိုးရိမ်နေရသူဖြစ်သဖြင့် သမီးဘဝအတွက် အကောင်းဆုံးဖြစ်မည့် ရွေးချယ်မှုတစ်ခုကို အပြေးအလွှား စဉ်းစားရပါတော့သည်။ ထိုသို့စဉ်းစားပြီးသည့်အခါ ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်၏။ ထိုသို့ ဆုံးဖြတ်ချက်ချပြီးသည်နှင့် ဇနီးဖြစ်သူကို အနားသို့ ခေါ်လိုက်ကာ-

"အေးမာ ငါ့သမီးလေးကို ကျောင်းထားဖို့ ဆုံးဖြတ်လိုက်ပြီ"

"အို ဖြစ်ပါ့မလား ကိုစိုးကျော်ရယ်"

ဒေါ်အေးမာသည် မိခင်တစ်ဦးဖြစ်သည့်အတွက် သားသမီးအပေါ် စိုးရိမ်မှုကတော့ ရှိနေပေသည်။ ဒေါ်အေးမာ၏ စိုးရိမ်သောကကို သိနေသော ဦးစိုးကျော်သည် သက်ပြင်းကိုချရင်း-

"နင် စိုးရိမ်နေတာကို ငါသိတယ် အေးမာ။ ငါလဲ သမီးလေးကို စိုးရိမ်စိတ်ပူတာပါပဲလေ။ ဒါပေမဲ့ပေါ့ ငါတို့ရှိနေစဉ်လေးတော့ သမီးအတွက် အရာရာ အဆင်ပြေနိုင်ပြီး ငါတို့မရှိတော့တဲ့အခါ သမီးအတွက် အရာရာအဆင်မပြေနိုင်ဘူး အေးမာ။ အဲဒီအတွက် ငါတို့လင်မယားမရှိတဲ့နောက်ပိုင်းမှာ ငါတို့သမီးလေး သူများမျက်နှာကြည့်မနေရအောင် ငါတို့သမီးကို ကျောင်းထားရအောင် အေးမာရယ်"

ခင်ပွန်းဖြစ်သူ၏ စကားအဆုံးတွင် ဒေါ်အေးမာတစ်ယောက် စိတ်မောစွာပင် သက်ပြင်းကိုချလိုက်၏။ ခင်ပွန်းဖြစ်သူ စကားကလည်း မှန်ကန်နေသည်မို့ နောက်ဆုံးတွင် သမီးဖြစ်သူ ငြိမ်းငြိမ်းစိုးကို ကျောင်းထားမည့်ကိစ္စကို ဒေါ်အေးမာတစ်ယောက် သဘောတူလက်ခံလိုက်ရ၏။

(၃)

ပထမဆုံး ကျောင်းစတက်သည့်နေ့မှာပင် ငြိမ်းငြိမ်းစိုးလေးကို ဖခင်ဖြစ်သူ ဦးစိုးကျော်က ချီပိုး၍ ကျောင်းကို လိုက်ပို့ခဲ့၏။ ခြေမသန်၍ ဒုက္ခိတဖြစ်နေသော သမီးငယ်လေးကို ဂရုစိုက်ဖေးမရင်း ဦးစိုးကျော်နှင့် ဒေါ်အေးမာတို့သည် သမီးဘဝရှေ့ရေးအတွက် အကောင်းဆုံးပညာရေးတစ်ခုကို လမ်းခင်းပေးခဲ့ကြ၏။

ထိုနည်းတူစွာပင် ကျောင်းဆရာကြီး ဦးမင်းသိန်း အပါအဝင် အခြားသော ဆရာ၊ ဆရာမများကလည်း ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ရင်း ငြိမ်းငြိမ်းစိုးဆိုသော ပန်းရိုင်းလေးတစ်ပွင့်ကို ပညာရဲရင့်ပွဲလယ်တင့်လေအောင် အကောင်းဆုံးပြုစုပျိုးထောင်ပေးခဲ့သည်။ ကြိုးစားအားထုတ်မှုနှင့် နှစ်များဖြတ်သန်းသွားသောအခါ ငြိမ်းငြိမ်းစိုးဆိုသော မိန်းမပျိုလေးတစ်ဦးသည် ယခုဆိုလျှင် တပည့်ပေါင်းများစွာကို မွေးထုတ်ပေးနေသည့် ဆရာမလေးတစ်ဦးပင်ဖြစ်လာခဲ့ပြီဖြစ်သည်။

(၄)

အချိန်ရာသီစက်ဝန်းများ တဖြည်းဖြည်းကုန်ဆုံးခဲ့ပြီဖြစ်သည်။ ငြိမ်းငြိမ်းစိုးမှသည် ကျောင်းဆရာမလေး ငြိမ်းငြိမ်းစိုးအဖြစ်ပြောင်းလဲသွားသော ငြိမ်းငြိမ်းစိုးသည် ကျောင်းဝတ်စုံအဖြူ အစိမ်းလေးကို လုပကြော့ရှင်းစွာဝတ်ဆင်၍ သပြေကုန်းရွာကလေး၏ စာသင်ကျောင်းအတွင်းသို့ဝင်ခဲ့၏။ သူသည် ချိုင်းထောက်တစ်စုံကို အားပြုရင်း မိမိတာဝန်ကျသည့် စာသင်ခန်းအတွင်းသို့ ဝင်လာခဲ့လေသည်။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ ကလေးတို့ရယ်"

စာသင်ခန်းထဲဝင်လာသည်နှင့် ကလေးငယ်တစ်စု၏ နှုတ်ဆက်သံချိုချိုလေးက ပြိုင်တူထွက်ပေါ်လာလေသည်။ ဆရာမလေး ငြိမ်းငြိမ်းစိုးတစ်ယောက် ချိုင်းထောက်နှစ်ခုကိုအမှီပြု၍ ချိုသာစွာပြုံးပြရင်း ကလေးငယ်လေးများကို ပြန်နှုတ်ဆက်လာ၏။ ဆရာမလေး ငြိမ်းငြိမ်းစိုးသည် ပဉ္စမတန်း(A)အခန်း၏အတန်းပိုင်ဆရာမတစ်ဦးဖြစ်သည်။ အစိုးရခန့်ဆရာမတစ်ဦး မဟုတ်သော်လည်း သပြေကုန်းရွာကလေး၏ လိုအပ်နေသော ဆရာ၊ ဆရာမအင်အားကို ဝင်ရောက်အကူဖြည့်ပေးခဲ့သူတစ်ဦးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်ခဲ့သော်လည်း သူ၏မွေးရာပါခြေမသန်မှုကြောင့် အဝေးသင်တက္ကသိုလ်ဖြင့်သာ ဘွဲ့ရခဲ့သူဖြစ်သည်။ အဝေးသင်တက္ကသိုလ်မှ မြန်မာစာဖြင့်ဘွဲ့ရပြီး တစ်နှစ်အကြာတွင် သပြေကုန်းရွာကလေး၏ အလယ်တန်းကျောင်းတွင် လိုအပ်နေသော ဆရာ၊ ဆရာမအင်အားကြောင့် သူ့ထံသို့ ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်း ရောက်လာကာ အကူအညီတောင်းခဲ့ရာမှ ကျောင်း၏ပင်တိုင်ဆရာမတစ်ဦးဖြစ်လာခဲ့သူဖြစ်သည်။ ယခုတွင် သပြေကုန်းရွာကလေး၏ အခြေခံပညာအလယ်တန်းကျောင်းလေးတွင် ငြိမ်းငြိမ်းစိုး ဆရာမလုပ်ခဲ့သည်မှာ ငါးနှစ်ကြာခဲ့ပြီဖြစ်သည်။ ဆရာမလေး ငြိမ်းငြိမ်းစိုးသည် ပရဟိတအလုပ်များတွင်လည်း တက်ကြွသူဖြစ်သဖြင့် သူသည် သပြေကုန်းရွာကလေး၏ ငွေကြေးအခက်အခဲကြောင့် ကျူရှင်တက်ရန်ခက်ခဲနေသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများကို သူ၏အိမ်တွင် အခမဲ့စာသင်ဝိုင်းလေးဖွင့်၍ စာသင်ပေးခဲ့သည်မှာလည်း လေးနှစ်မျှရှိပြီဖြစ်သည်။

(၅)

"ဆရာမလေး ငြိမ်း၊ ပင်ပန်းနေပြီလား"

နေ့လယ်ကျောင်းဆင်းချိန်တွင် နားနေခန်းထဲ ရောက်လာသည့် ဆရာမဒေါ်သီတာသိမ့်က မေးလိုက်ခြင်းဖြစ်သည်။

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၁၆၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၁၆၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၆၄၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၆ ရက်ထိ ၁၁၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ ဝါဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ၁၁၆၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မလိုင်ဝါ၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးချည်မျှင်ရှည်ဝါ၊ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးတွေ စိုက်ပျိုးကြတယ်။ ဝါစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် မလျော့ကျပါဘူး။ လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးနိုင်ကြပါတယ်။ ဒီနှစ်ဆိုရင်လဲ ဝါတွေ တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြို့နယ်အလိုက် ဝါစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၂၂ ဧက၊ ကနီမြို့နယ်တွင် ၂၇၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၄၂ ဧကနှင့် ပုလဲမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၁၆၂ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၂၁၈ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၀၄၀၊ ဆားလင်းကြီးမြို့နယ်တွင် ၂၃၉၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၁၇၉၇ ဧက စုစုပေါင်း ၆၄၅၃ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ကေလျှင် ကုန်ကျစရိတ်ငွေကျပ် ၃၅၀၀၀၀ ရှိကြောင်း သိရသည်။

(၂၀၆)

# စာတတ်မြောက်ရေး ဝိုင်းကူပေး

- တို့စာပေ တိုးတက်ရေးအတွက်
မျိုးဆက်လေးများ ပျိုးထောင်ပါ၊
ကျောင်းနေအရွယ် ကလေးဘဝ
ဖေးမလို့သာ၊
နုနယ်သည့် ပန်းပမာ
လန်းဆန်းကာ လှပရေး၊
အသွေးရောင်စုံ ကောင်းမြတ်ဖို့
ပေါင်းသတ်လို့ပေး။

- အနာဂတ်ကို ရှေ့မျှော်တွေး
ပညာရေး ပျိုးထောင်၊
လူမှုနယ် အကျိုးများဖို့
တိုးပွားလုပ်ဆောင်၊
စိတ်ဓာတ်စည်းကမ်း ပညာအရောင်
လောကလှအောင် ကောင်းမွန်ရေး၊
လူတိုင်းကိုယ်စီ တာဝန်ရှိ
ထိန်းညှိလို့ပေး။

- ကမ္ဘာ့နိုင်ငံ စာတတ်မြောက်ရေး
သတ်မှတ်ပေး ရက်မြတ်မှာ၊
စက်တင်ဘာ ၈ ရက်နေ့
မမေ့အပ်ရာ၊
ကလေးငယ်တိုင်း စာတတ်ကာ
ဘဝတစ်သက်တာ အောင်မြင်ဖို့၊
နိုင်ငံပေါင်းစုံ လက်တွေတွဲ
ရှေ့ဆက်ကြစို့။ ။

**ပန်းမာလာ**

# မင်းလှမြို့နယ် မလွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မလွန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မလွန်ကျေးရွာ၌ ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများကို ရေစက်ရုံ(ပွန်တွန်း) အလျား ၁၀ ပေ၊ အနံ ရှစ်ပေ ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အနည်ထိုင် အုတ်ရေကန်တည်ဆောက်ခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းအရှည် ၁၆၄၃၉ ပေ သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၁၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**



# မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း စက်တင်ဘာ ၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထုံးရေပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကိုထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များထံ ငွေကျပ် ၂၉၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ထုံးရေပေါက်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၂ ဦးကို ငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

➤ စာမျက်နှာ ၂၄မှအဆက်

"ဪ ဆရာမသီ ထိုင်လေ"

ကလေးများ၏ကျောင်းသင်ခန်းစာစာအုပ်များကို အမှတ်ခြစ်ပေးနေရင်း အခန်းထဲသို့ဝင်လာသော ဆရာမ ဒေါ်သီတာသိမ့်ကို ညွှဲဝတ်ပျူငှါစွာ ပြုံးပြရင်း ထိုင်ရန်ပြောလိုက်လေသည်။ ဒေါ်သီတာသိမ့်တစ်ယောက် ဆရာမလေး ငြိမ်းငြိမ်းစိုး၏အရှေ့တွင် ဝင်ထိုင်ရင်း-

"ဆရာမလေး ငြိမ်းကိုတော့ ကျွန်မတို့က ပြန်ပြီးအားကျနေရတာသိလား"

"ဘာလို့လဲ ဆရာမရဲ့"

ဆရာမငြိမ်းငြိမ်းစိုး ချိုသာစွာပြုံးရင်း ပြန်မေးမိလိုက်လေတော့ ဒေါ်သီတာသိမ့် ပြန်ပြုံးပြရင်း-

"ကျွန်မတို့လို လူကောင်းတွေတောင် မလုပ်နိုင်တဲ့ ပရဟိတစိတ်ထားလေး ဆရာမလေးဆီမှာရှိနေလို့ပေါ့"

"ဪ. . . ဒါလား"

နူးညံ့ချိုသာစွာပြုံးရင်း သွေးမျက်ဝန်းများတွင် ပီတိဖြာနေသည်ကို ဒေါ်သီတာသိမ့် မြင်လိုက်ရ၏။

"ငြိမ်းဘဝက မပြည့်စုံခဲ့ဘူးလေဆရာမ။ ငြိမ်းမိဘတွေက ဆင်းရဲတယ်။ ဒီကြားထဲ ငြိမ်းက မွေးရာပါ မသန်စွမ်းသူတစ်ယောက်ဖြစ်နေတော့ ပညာရေးဆိုတာ ငြိမ်းနဲ့ အတော်အလှမ်းဝေးခဲ့တယ်လေ။ ငြိမ်း အသက်ကိုးနှစ်အရွယ်ရောက်မှ ဆရာကြီးဦးမင်းသိန်းရဲ့ကျေးဇူးကြောင့် စာသင်ကျောင်းနဲ့ ရင်းနှီးခဲ့တယ်ဆိုရင် ဆရာမ ယုံမလား"

ဆရာမငြိမ်းငြိမ်းစိုး၏ ဘဝအကြောင်းကို တချို့တစ်ဝက် ဒေါ်သီတာသိမ့် သိပြီးခဲ့ပြီဖြစ်၍ ဆရာမလေး ငြိမ်းငြိမ်းစိုး၏လက်ကို ဆုပ်ကိုင်ရင်း-

"ကိုယ့်ကိုယ်ကိုယ် မသန်စွမ်းဆိုပြီး စိတ်ဓာတ်မကျဘဲ ဘဝအတွက် အကောင်းဆုံးကြိုးစားပြနိုင်တဲ့အပြင် အနာဂတ်အတွက် ပညာတတ်ရင်သွေးငယ်တွေကို အခမဲ့စာသင်ဝိုင်းလေးဖွင့်ပြီး မွေးထုတ်ပေးနိုင်တဲ့ ဆရာမလေးက အမြဲပန်းပန်နေတဲ့ မီးအိမ်ရှင် ဆရာမလေးပါ ဆရာမရယ်"

ငြိမ်း၏ချစ်စရာစိတ်ဓာတ်လေးကြောင့် ဆင်းရဲပြီး အပြင်မှာ ဝိုင်းကျူရှင်မတက်နိုင်သည့် အချို့သောကလေးတို့သည် ဆရာမလေး ငြိမ်းငြိမ်းစိုး၏ အခမဲ့စာသင်ဝိုင်းလေးတွင် ပညာသင်ကြားပြီး တက္ကသိုလ်ဝင်တန်းဆိုသော ဘဝမှတ်တိုင်တစ်ခုကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ကြသည်က ဂုဏ်ယူစရာပင်ဖြစ်သည်။

ငြိမ်းငြိမ်းစိုးဆိုသော ပန်းရိုင်းလေးတစ်ပွင့်ကို ဆရာကြီးဦးမင်းသိန်းက ရေလောင်းပေါင်းသင်ပေးခဲ့ရာ ယခုဆိုလျှင် ငြိမ်းငြိမ်းစိုးဆိုသောသူသည် ဆရာကြီးနည်းတူပင် ဥယျာဉ်ခြံအတွင်းရှိ ပန်းပေါင်းစုံကို ရေလောင်းပေါင်းသင်ပေးရင်း ပန်းပျိုးသည့်လက်ပိုင်ရှင်ဖြစ်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်လေသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

# မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု

မြန်မာနိုင်ငံသည် "အသုံးလုံး"ဟုခေါ်သော စာမတတ်သူပပျောက်ရေးစီမံကိန်း၊ နောင်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေးစီမံကိန်း ကြိုးပမ်းလှုပ်ရှားမှုကြီးကြောင့် ကမ္ဘာကျော်ခဲ့သည်။

UNESCO အဖွဲ့က ချီးမြှင့်သည့် 'မိုဟာရေဇာပါလာဗီ'ဆုကို ၁၉၇၁ ခုနှစ်တွင်ရရှိခဲ့ပြီး နိုမာဆုကို ၁၉၈၃ ခုနှစ်တွင် ရရှိခဲ့သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓ၏အဆုံးအမတရားတော်ကို ယုံကြည်လက်ခံကိုးကွယ်ဆည်းကပ်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်နှင့်ချီရှိခဲ့ပြီဖြစ်သည်။ ရတနာသုံးပါးကို ဦးထိပ်ထားသည်။ အနန္တော၊ အနန္တငါးပါးကို ရှိသေမြတ်နိုးကြသည်။

မြန်မာနိုင်ငံ၏ ပညာရေးအစသည် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်သာလျှင်ဖြစ်သည်။ စာသင်သားအများစုမှာ အမျိုးသားများသာဖြစ်သည်။ ထိုခေတ်ထိုအခါက အမျိုးသားများ၏ ပညာတတ်၊ စာတတ်ရာခိုင်နှုန်းမြင့်မားခဲ့သည်ကို တွေ့ရှိရသည်။

ဘုန်းတော်ကြီးကျောင်း သင်ရိုးညွှန်းတမ်းမှာလည်း ဗုဒ္ဓစာပေများသာဖြစ်သည်။ စာသင်သားတို့သည် သင်ပုန်းကြီးကျေသည်။ ဆယ်စောင်တွဲကို အလွတ်ရသည်။ ပရိတ်ကြီး ၁၁ သုတ်ကို ရွတ်ဖတ်နိုင်သည်။ အရေးပညာ၊ အဖတ်ပညာ၊ အတွက်ပညာကို ဘုန်းတော်ကြီးကျောင်းများက သင်ကြားခဲ့သည်။

ထို့မျှမကသေး စာရိတ္တပညာ၊ လူမှုရေးပညာ၊ အုပ်ချုပ်ရေးပညာ အစရှိသည့် အဋ္ဌာရသ ၁၈ ရပ်ကို သင်ကြားပေးနိုင်ခဲ့သည်။ မြန်မာ့သမိုင်းကိုကြည့်လျှင် မြန်မာဘုရင်ခံအဆက်ဆက်တို့သည် ဘုန်းတော်ကြီးကျောင်းမှ ပညာသင်ပေးလိုက်သော ကျောင်းသားများဖြစ်သည်။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်းသီပေါမင်းလက်ထက်တိုင်အောင် တိုင်းပြည်မင်းလုပ်အုပ်ချုပ်နိုင်စေသော ပညာရပ်များဖြင့် ပြည့်စုံကုံလုံကြွယ်ဝခဲ့ကြသည်။

အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရပြီး မြန်မာတို့၏ စာပေ၊ယဉ်ကျေးမှု၊ အနုပညာများ တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်ခဲ့ရသည်။ စာပေသင်ကြားမှုအပိုင်းတွင်လည်း အရေးမသာ၊ အခွင့်မရဘဲ ဆုံးရှုံးခဲ့ရသဖြင့် မြန်မာနိုင်ငံသားတို့၏ စာတတ်မြောက်မှုနှုန်းမှာလည်း အလွန်အမင်း ကျဆင်းခဲ့ရသည်။ သည်မျှသာမကဘဲ မြန်မာစာ၊ မြန်မာစကားပင်လျှင် အရေးမလှ နိမ့်ကျခဲ့ရသည်။

၁၉၀၁ ခုနှစ်က မြန်မာနိုင်ငံ၏ စာတတ်မြောက်နှုန်းသည် ၂၈ ရာခိုင်နှုန်းသာရှိသည်။ လွတ်လပ်ရေးရခါစက ၁၉၄၈ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၀ ပြည့်နှစ်တွင် ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်လာသည်။

သူ့ကျွန်ဘဝတွင် ဆင်းရဲမှုကြောင့် စာပေလေ့လာသင်ယူလေ့လာဆည်းပူးနိုင်ခြင်း အလျှင်းမရှိသည့်အားလျော်စွာ စာသင်ကြားခွင့် အခွင့်အရေးမရရှိဘဲ စာမတတ်သူဦးရေတိုးတက်များပြားလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ သို့သော် နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝကျရောက်ခဲ့သည့် ကိုလိုနီအမွေဆိုးကြောင့် စာမတတ်သူပေါင်း ၃ နှင့်ဒေးရှိခဲ့ရာ မြန်မာနိုင်ငံအစိုးရသည် ပြည်သူများ စာတတ်မြောက်ရေးကို ပထမဦးစားပေးဆောင်ရွက်ရတော့သည်။

လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ၁၄ နှစ်တာကာလအတွင်း ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရက လူထုပညာရေးစီမံကိန်းကြီးဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို အင်နှင့်အားနှင့်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းနှင့်ဆိုလျှင် ပထမဦးဆုံးအစကာလပင်ဖြစ်သည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရခေတ်ကာလတွင်လည်း စာတတ်မြောက်ရေးလူထုလှုပ်ရှားမှုစီမံကိန်းကို ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည်။ ထိုကာလသည် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှု၏ ဒုတိယကာလဖြစ်သည်။ စာတတ်မြောက်ရေးလှုပ်ရှားမှု အရှိန်အဟုန်ကောင်းနေစဉ်တွင် ရှစ်လေးလုံးအရေးအခင်းဖြစ်ပွားခဲ့သဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ ချက်ချင်းရပ်ဆိုင်းသွားခဲ့ရသည်။

❖ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဒုတိယပိုင်းကာလလှုပ်ရှားမှုသည် အခြေခံစာတတ်မြောက်ရေးကြိုးပမ်းမှုတွင် အအောင်မြင်ဆုံးသောကာလဖြစ်ခဲ့ရုံမက ကမ္ဘာကျော်သွားခဲ့သည်။ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန်၊ လူထုလူတန်းစားအသီးသီး၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ခဲ့ကြသည်။ ထိုစဉ်က ဦးဆောင်ပါတီဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးကလည်း စုစုစည်းစည်း၊ စည်းစည်းရုံးရုံးနှင့် ဦးဆောင်မှုပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်များ၏ စေတနာလုပ်အားသည် ပဓာနအကျဆုံးဖြစ်ခဲ့သည်။ ❖

၁၉၈၈ ခုနှစ်မှ ယနေ့ကာလထိကို မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှု၏ တတိယကာလဟု ဆိုရမည်။

အထက်ဖော်ပြခဲ့သော ကာလသုံးခုအနက် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဒုတိယပိုင်းကာလလှုပ်ရှားမှုသည် အခြေခံစာတတ်မြောက်ရေးကြိုးပမ်းမှုတွင် အအောင်မြင်ဆုံးသောကာလဖြစ်ခဲ့ရုံမက ကမ္ဘာကျော်သွားခဲ့သည်။

လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန်၊ လူထုလူတန်းစားအသီးသီး၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ခဲ့ကြသည်။ ထိုစဉ်က ဦးဆောင်ပါတီဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးကလည်း စုစုစည်းစည်း၊ စည်းစည်းရုံးရုံးနှင့် ဦးဆောင်မှုပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်များ၏ စေတနာလုပ်အားသည် ပဓာနအကျဆုံးဖြစ်ခဲ့သည်။

၁၉၆၄ ခုနှစ် နွေရာသီတွင် ကံဘဲ့ဆရာ အတတ်သင်ကျောင်းမှ ဆရာအတတ်သင် သင်တန်းသားလေးဦးသည် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာတွင် နွေရာသီ အသုံးလုံးမျက်ဖွင့်သင်တန်းကို တစ်လကြာဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ပြီး 'အသုံးလုံးသမိုင်းသစ်'ကို ဖွင့်လှစ်ခဲ့သည်။

ဤသို့ နွေရာသီ အသုံးလုံးသမိုင်းသစ်ကို ဖွင့်လှစ်နိုင်ရန် ဦးဆောင်စီစဉ်သူမှာ ပညာရေးဝန်ကြီးဌာန အထူးအရာရှိ ဆရာကြီး ဦးသံဇင်ဖြစ်သည်။ 'အသုံးလုံး'အစ ပထမသူရဲကောင်း လေးဦးမှာ-

(၁) အလယ်တန်း (J.A.T) ဆရာဖြစ်သင်၊ သင်တန်းသား မောင်သန်းရွှိန်

(၂) မူလတန်း (P.A.T) ဆရာဖြစ်သင်၊ သင်တန်းသား မောင်အောင်သန်း

(၃) မူလတန်း (P.A.T) ဆရာဖြစ်သင်တန်းသား မောင်စန်းမောင်

(၄) မူလတန်း (P.A.T) ဆရာဖြစ်သင်တန်းသား မောင်သိန်းတို့ဖြစ်ကြသည်။

ဆရာကြီးဦးသံဇင်သည် သက်ကြီးစာဖတ်သူများအတွက် အသံထွက်နည်းဖြင့် တစ်နာရီသင်၊ တစ်နာရီလေ့ကျင့်ဖြင့် တစ်ရက်လျှင် နှစ်နာရီသင်ပေးပြီး နာရီ ၈၀ အကြာဆုံးထား၍ စာအမြန်ဆုံးတတ်သည့်နည်းကို သင်ခန်းစာရေးကာ သင်နည်းဖတ်စာအုပ်လေးများကို စာကူးစက်ဖြင့် အစုံ ၂၀၀ ကျော်ကူးကာ သင်တန်းသားလေးဦးကို ကျေးရွာသို့စေလွှတ်ခဲ့သည်။ ၎င်းတို့ ပထမအစ သင်ရသောသင်ခန်းစာကား-

ဝ၊ ထ၊ က၊ လ၊ သ ဖြစ်သည်။

အဆိုပါအတွေ့အကြုံကိုယူ၍ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ရွေ့ပြေးစမ်းသပ်ခရိုင်အဖြစ် စာမတတ်သူပပျောက်ရေးစီမံကိန်းကို ဆောင်ရွက်ရာ ခရိုင်လုံးကျွတ် စာတတ်မြောက်သွားကြသည်။

UNESCO အဖွဲ့ကြီး၏ တိုက်တွန်းနှိုးဆော်ချက်အရ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ၁၉၇၀ ပြည့်နှစ်တွင် မိတ္ထီလာခရိုင်၌ ကျင်းပသည်။

ထိုမှဆက်၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုင်း၊ ခရိုင်၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ စာတတ်မြောက်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ စေတနာရှင်ဆရာ၊ ဆရာမများ၊ ဒေသခံလုပ်အားပေးများဖြင့် နှစ်စဉ် နွေရာသီတိုင်း စာတတ်မြောက်ရေးလုပ်အားပေးသင်ကြားပေးမှုကြောင့် စာမတတ်သူ သန်းပေါင်းများစွာ စာတတ်ခဲ့ပြီး မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများကျင်းပနိုင်ခဲ့သည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ စာမတတ်သူ ပြည်သူ နှစ်သန်းလေးသိန်းကျော် စာတတ်မြောက်ခဲ့၏။

UNESCO အဖွဲ့ချုပ်ကြီးက ၁၉၉၀ ပြည့်နှစ်ကို နိုင်ငံတကာစာတတ်မြောက်ရေးနှစ် (International Literacy Year) အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့သက်ကြီးစာတတ်မြောက်ရေးစီမံကိန်းကို တွန်းအားပေးခဲ့သည်။ အဆိုပါ နိုင်ငံတကာစာတတ်မြောက်ရေးနှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ "လူတိုင်းအတွက် ပညာရေးညီလာခံ"ကို ကျင်းပပြီးနောက် "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်း"ကို ဆွေးနွေးညှိနှိုင်းအတည်ပြုပြဋ္ဌာန်းသည်။ ဤညီလာခံကြီးအပြီး (Education For All) EFA ဆိုသည့် ဝေါဟာရသည် စာတတ်မြောက်ရေးလုပ်ငန်းစဉ်အတွက် ခေတ်စားလာပါတော့သည်။

ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ပညာရေးညီလာခံ (၁၉၉၀) ကျင်းပပြီးနောက် ၁၀ နှစ်ကြာသောအခါ ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကမ္ဘာ့ပညာရေးညီလာခံ (၂၀၀၀) ကို ကျင်းပသည်။ ထိုညီလာခံမှ "ဒါကာအညွှန်းဘောင်"ကို ရေးဆွဲအတည်ပြုကာ ကမ္ဘာတစ်ဝန်းလုံးရှိ စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးခဲ့သည်။ မြန်မာနိုင်ငံသည် ရှေ့တန်းမှ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သည်။

ဒါကာအညွှန်းဘောင်အရ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကို ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေးဦးတည်ချက်များဖြင့် အထူး လေးနှစ်စီမံကိန်း၊ နှစ် (၃၀) နှစ်ရှည်စီမံကိန်းအရ လူတိုင်း စာတတ်မြောက်ရေးအတွက် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးအစီအစဉ်နှစ်ရပ်စလုံးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် စာတတ်မြောက်နှုန်း ၉၅ ဒသမ ၈ ရာခိုင်နှုန်းထိ ရောက်ရှိလာသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ စာတတ်မြောက်ရေးစီမံကိန်း 'အသုံးလုံး'လုပ်ငန်းများအားလုံးရပ်ဆိုင်းသွားပြီး ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်သော မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့တာဝန်ရှိသူတို့သည် 'အသုံးလုံး' လုပ်ငန်းစဉ်ကို ကျောင်းပြင်ပ ပညာရေး မြန်မာပုံစံဖြင့် ဖော်ထုတ်ကာ ဝန်ကြီးဌာနသို့ တင်ပြခဲ့ကြသည်။

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့သည် ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ "လုပ်ငန်းအကျိုးပြု ကျောင်းပြင်ပ ပညာရေးစနစ်ဖွံ့ဖြိုးမှုစီမံကိန်း" တစ်ရပ်ကို ကျောင်းပြင်ပရှိ အသက် ၁၅ နှစ်မှ ၄၅ နှစ်အရွယ် လူငယ်များနှင့် သက်ကြီးများအတွက် စတင်အကောင်အထည်ဖော်ခဲ့သည်။

စီမံကိန်းကာလအတွင်း လုပ်ငန်းအကျိုးပြု ကျောင်းပြင်ပ ပညာရေး သုတေသနစီမံကိန်းကို အောက်မြန်မာပြည်ကိုယ်စားပြု ပဲခူးတိုင်းရှိ ဒိုက်ဦးမြို့နယ် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များတွင် တစ်မြို့နယ်လျှင် ကျေးရွာ ၁၀ ရွာ ရွေးချယ်၍ သုတေသနပြုခဲ့သည်။ အလားတူပင် အထက် မြန်မာပြည်ကိုယ်စားပြု မန္တလေးတိုင်းတွင် တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့တွင်လည်း တစ်မြို့နယ်လျှင် ကျေးရွာ ၁၀ ရွာနှုန်း ရွေးချယ်၍ သုတေသနပြု စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ သုတေသနအကျိုးရလဒ်ကို ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ အစီရင်ခံတင်ပြခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဂျပန်နိုင်ငံအခြေစိုက် ACCU ခေါ် အာရှယဉ်ကျေးမှုစင်တာ UNESCO ၏ ကူညီပံ့ပိုးမှုအရ (Myanmar Literacy Resource Centre- MLRC) မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနတစ်ခုကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၁ ရက်၌ ဖွင့်လှစ်နိုင်ခဲ့သည်။ ယနေ့ဆိုလျှင် MLRC ၏ သက်တမ်းသည် ၂၃ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနသည် ကျောင်းပြင်ပဆိုင်ရာ ပညာရေးဌာနမပေါ်ပေါက်မီ ပညာရေးသုတေသနအဖွဲ့နှင့်တွဲဖက်၍ ကျောင်းပြင်ပပညာရေးကို ဆောင်ရွက်ခဲ့သည်။

အောင်ကြည်ညွှန့်(တက္ကသိုလ်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

# ကျွန်းလှမြို့နယ်တွင် မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ကော်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးစပါး ၃၄၀၉၃ ဧကလျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၃၄၀၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျွန်းလှမြို့နယ်မှာ မိုးစပါး စိုက်ပျိုးမှုကတော့ တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းဆင်းသုခ ၇၀၂၅ ဧက၊ မနောသုခ ၄၇၇၈ ဧက၊ ရွှေသွယ်ရင် ၅၂၆၄ ဧက၊ ရောမင်း ဧက ၁၇၀၃၀ စိုက်ပျိုးထားကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကျွန်းလှမြို့နယ်တွင် မိုးစပါး ၂၉၄၉၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၄၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ တစ်ဧကလျှင် ပျမ်းမျှ ၇၃ ဒသမ ၄၇ တင်းထွက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

---

# ကံမမြို့နယ် ပြောင်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပယ်ကျကျေးရွာအုပ်စု ပြောင်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပြောင်ကျကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉၁ ဦးကို ငွေကျပ် ၃၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိမိုးမိုး**

# စနေနေ့ညမှာကစားမဲ့ နိုင်ငံတကာပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အင်္ဂလန်အသင်း၊ ဆွီဒင်အသင်း၊ ဥရုဂွေးအသင်းတို့ကို ရွေးချယ်ရမှာပါ



အခုတစ်ပတ်မှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ခေတ္တရပ်နားပြီး နိုင်ငံတကာပြိုင်ပွဲတွေ ဆက်လက်ကစားသွားမှာဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတကာပွဲစဉ်တွေအဖြစ် ယူရို ၂၀၂၄ ခြေစစ်ပွဲ၊ အာဖရိကဖလား ခြေစစ်ပွဲနဲ့ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာပါ။ လာမဲ့စနေနေ့ ညမှာတော့ နိုင်ငံတကာပွဲစဉ်တွေထဲက ယူရိုခြေစစ်ပွဲမှာ နောက်တစ်ဆင့် တက်ဖို့ ကြိုးစားရမဲ့ အသင်းတွေနဲ့ တောင်အမေရိကဇုန်က ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ပြင်ဆင်လာတဲ့ အသင်းတွေကိုပဲ ဆက်လက်ရွေးချယ်ရမှာဖြစ်ပါတယ်။

### အင်္ဂလန်အသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ၂၀၂၄ ယူရိုခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ယူကရိန်းအသင်းနဲ့ အင်္ဂလန်အသင်းတို့ ပွဲစဉ်ပဲ ဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ အင်္ဂလန် အသင်းက အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ အင်္ဂလန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ပွဲချိန်ပြည့် ဖိအားပေးနိုင်ခဲ့တာကြောင့် ယူကရိန်းအသင်းအနေနဲ့ တစ်ပွဲလုံး ဂိုးပေါက် ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့တာမရှိဘဲ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့ အသင်းဟာ ယူရိုခြေစစ်ပွဲ သုံးပွဲ ကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် နဲ့ ရမှတ်ခြောက်မှတ်ရရှိခဲ့တာကြောင့် ခြေစစ်ပွဲအောင်ဖို့ အလားအလာ ကောင်းနေပေမဲ့ အခုပွဲစဉ်မှာတော့ ရှုံးကန်ရဖို့များပါတယ်။ သူတို့ အသင်းဟာ အခုအုပ်စုရဲ့ ကစားသမားအင်အား တောင့်တင်းတဲ့ အင်္ဂလန်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဒါ့ပြင် ယူကရိန်းအသင်းဟာ အင်္ဂလန်နဲ့တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားလေ့ရှိပြီး ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာ သုံးပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာ ကိုတွေ့ရမှာပါ။

နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းဟာ ကမ္ဘာ့အဆင့်ခြေစွမ်းရှိ နေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ပြိုင်ဘက်အသင်းတွေရဲ့ သတိထားစောင့်ကြည့်မှုကို ခံနေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ယူရို ၂၀၂၀ မှာ ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းကောင်း ရှိနေသလို ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာတော့ နည်းပြဆောက်ဂိတ် အနေနဲ့ အဓိက ကစားသမားအများစုကို ရွေးချယ်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းမှာ စတားလင်းပါဝင်ခြင်းမရှိသလို ခံစစ်ကစားသမား အာနိုးနဲ့ တောင်ပံကစား သမား ဂရီလစ်တို့လဲ ဒဏ်ရာကြောင့် အခုပြိုင်ပွဲကို လွဲချော်မှာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်ပိုင်းမှာ ဟယ်ရီကိန်း၊ ဝယ်လ်ဆင်၊ ဖိုဒင်၊ အန်ကေး တီးယား၊ ဆာကာ၊ ရက်ရှ်ဖို့ဒ်တို့ ဦးဆောင်လာမှာဖြစ်လို့ ဂိုးသွင်းအား ကျဆင်းသွားမှာ မဟုတ်ပါဘူး။ သူတို့အသင်းဟာ ခြေစစ်ပွဲလေးပွဲမှာ လေးပွဲစလုံးအနိုင်ရခဲ့ပြီး တိုက်စစ်ပိုင်းသွင်းဂိုး ၁၅ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီသွင်းဂိုးတွေကိုတော့ ဟယ်ရီကိန်း၊ ဆာကာ၊ ရက်ရှ်ဖို့ဒ်၊ ဝယ်လ်ဆင်တို့ကပဲ အများဆုံးသွင်းယူခဲ့တာကို တွေ့ရမှာပါ။ အင်္ဂလန် အသင်းဟာ လက်ရှိအမှတ်ပေးဇယားထိပ်မှာ ရှုံးပွဲမရှိနဲ့ ဦးဆောင်နေပေမဲ့ ခြေစစ်ပွဲအောင်မြင်ဖို့အတွက် မဖြစ်မနေနိုင်ပွဲရှာရမှာဖြစ်လို့ ယူကရိန်း အသင်းကို ပွဲချိန်ပြည့်တိုက်စစ်ဆင်လာမှာ သေချာပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်းပဲ အနိုင်ရမှာပါ။

**ယူကရိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူကရိန်း | ၀ | - | ၀ | စကော့တလန် |
| အင်္ဂလန် | ၂ | - | ၀ | ယူကရိန်း |
| ဂျာမနီ | ၃ | - | ၃ | ယူကရိန်း |
| မြောက်မက်ဆီဒိုးနီးယား | ၂ | - | ၃ | ယူကရိန်း |
| ယူကရိန်း | ၁ | - | ၀ | မော်တာ |

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၁ | - | ၂ | ပြင်သစ် |
| အီတလီ | ၁ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၂ | - | ၀ | ယူကရိန်း |
| မော်တာ | ၀ | - | ၄ | အင်္ဂလန် |
| အင်္ဂလန် | ၇ | - | ၀ | မြောက်မက်ဆီဒိုးနီးယား |

### ဆွီဒင်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ယူရိုခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာ ကတော့ အက်စ်တိုးနီးယားအသင်းနဲ့ ဆွီဒင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေစစ်ပွဲသုံးပွဲကစားအပြီးမှာ ဩစတြီးယားနဲ့ ဘယ်လ်ဂျီယံကိုရှုံးခဲ့ပြီး အာဇာဘိုင်ချန်ကိုတော့ တစ်ဖက်တစ်ဂိုးစီနဲ့ သရေရလဒ် ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ရမှတ်တစ်မှတ် နဲ့ အမှတ်ပေးဇယားအဆင့်(၄)ရောက်ရှိခဲ့ပြီး အုပ်စုအဆင့်က လှည့်ပြန် ရဖို့အခြေအနေဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခု အုပ်စုမှာ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ ဆွီဒင်တို့နဲ့ယှဉ်ရင် ဘောလုံး အဆင့်အတန်းကွာဟနေတာကြောင့် အဲဒီအသင်းတွေကိုတော့ နိုင်ပွဲရဖို့ ခက်ခဲမှာသေချာပါတယ်။ သူတို့အသင်းကိုလဲ ဥရောပကလပ်အသင်း ငယ်တွေမှာ ကစားနေတဲ့ ကစားသမားတွေနဲ့သာ စုဖွဲ့ထားတာ ကြောင့် အက်စ်တိုးနီးယားဟာ ဆွီဒင်ရဲ့ ပြိုင်ဘက်မဟုတ်နိုင်တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကစားသမားတွေရဲ့ စွမ်းဆောင်ရည် နည်းပါးမှုကြောင့် ပွဲချိန်ကြာလာတာနဲ့ အမှားများပြီး သွင်းဂိုးတွေ ခွင့်ပြု ခဲ့ရတာဖြစ်ပါတယ်။

ဆွီဒင်အသင်းဟာ ခြေစစ်ပွဲသုံးပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်နဲ့ရမှတ်သုံးမှတ်သာ ရရှိသေးတာကြောင့် အခုလို ကစားသမား အင်အားနည်းတဲ့အသင်းနဲ့ တွေ့ချိန်မှာ ရမှတ်ပြည့်ရယူဖို့ အစွမ်းကုန် ကြိုးစားလာမှာ သေချာပါတယ်။ သူတို့အသင်းဟာ လက်ရှိယူရို ၂၀၂၄ မှာလဲ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အခုပွဲစဉ်ကို နိုင်ပွဲရဖို့ကြိုးစားရမှာ ဖြစ်သလို ဩစတြီးယား၊ ဘယ်လ်ဂျီယံတို့နဲ့တွေ့ချိန်မှာလဲ ရမှတ်ခွဲယူနိုင်မှ သာ အခြေအနေကောင်းမှာဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်ကိုတော့ အစ်ဆက်ခ်၊ ဖော့စ်ဘက်၊ ကူလူဆက်စကီးတို့က ဦးဆောင်နေတာကြောင့် အက်စ်တိုးနီးယားလို ခံစစ်ပိုင်းအားနည်းတဲ့အသင်းကိုတော့ ဂိုးသွင်း ယူနိုင်မှာ သေချာပါတယ်။ သမိုင်းတစ်လျှောက် သူတို့နှစ်သင်း ထိပ်တိုက် တွေ့ဆုံမှုမှာလဲ ဆွီဒင်အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ အသာရ ခဲ့တာကြောင့် ခြေစွမ်းပိုင်းသာလွန်မှုရှိတဲ့ ဆွီဒင်အသင်းပဲ ရလဒ် ကောင်းမှာပါ။

**အက်စ်တိုးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖင်လန် | ၀ | - | ၁ | အက်စ်တိုးနီးယား |
| ဟန်ဂေရီ | ၁ | - | ၀ | အက်စ်တိုးနီးယား |
| ဩစတြီးယား | ၂ | - | ၁ | အက်စ်တိုးနီးယား |
| အာဇာဘိုင်ချန် | ၁ | - | ၁ | အက်စ်တိုးနီးယား |
| အက်စ်တိုးနီးယား | ၀ | - | ၃ | ဘယ်လ်ဂျီယံ |

**ဆွီဒင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွီဒင် | ၂ | - | ၁ | အိုက်စလန် |
| ဆွီဒင် | ၀ | - | ၃ | ဘယ်လ်ဂျီယံ |
| ဆွီဒင် | ၅ | - | ၀ | အာဇာဘိုင်ချန် |
| ဆွီဒင် | ၄ | - | ၁ | ဩစတြေးလျ |
| ဩစတြီးယား | ၂ | - | ၀ | ဆွီဒင် |

### ဥရုဂွေးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် တွေထဲက အကြိုက်တွေ့မိတာကတော့ ဥရုဂွေးအသင်းနဲ့ ချီလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တောင်အမေရိကဇုန်အနေနဲ့ ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်ကို အခုနှစ်ကစပြီး စတင်ကစားမှာဖြစ်ပြီး အသင်း ၁၀ သင်း မှာ ခြောက်သင်းက တိုက်ရိုက်ဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။ အဆင့်(၇)မှာ ရပ်တည်နိုင်မဲ့ အသင်းကတော့ Play-off ကစားပြီးမှ ကမ္ဘာ့ဖလားဝင်ခွင့် ရရှိမှာကိုတွေ့ရမှာပါ။ ဥရုဂွေးအသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားကို ဝင် ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပေမဲ့ အုပ်စုအဆင့်က လှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းမှာတော့ ဝါရင့်ကစားသမားတွေ မရှိတော့ပေမဲ့ ဒါဝင်နူနက်၊ ဗယ်ဗါဒီတို့လို ခြေစွမ်းပြကစားသမားတွေ ရှိနေသေးတာ ကြောင့် ပြိုင်ဘက်မရွေးယှဉ်ပြိုင်နိုင်စွမ်းရှိတာကို တွေ့ရမှာပါ။ ဒါ့ပြင် ၂၀၂၂ ကမ္ဘာ့ဖလားနောက်ပိုင်း ကစားခဲ့တဲ့ခြေစမ်းပွဲတွေမှာ ရှုံးနိမ့်တာ မရှိခဲ့သလို တိုက်စစ်ပိုင်းက ကိုးဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

ချီလီအသင်းဟာ လာမဲ့ ၂၀၂၆ ကမ္ဘာ့ဖလားမှာ ခြေစစ်ပွဲအောင်မြင် ဖို့အတွက် အကောင်းဆုံး ပြင်ဆင်နေတာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ ဗီဒယ်၊ ဆန်းချက်ဇ်တို့လို ဝါရင့်ကစားသမားတွေနဲ့ လူငယ်ကစားသမား တွေ ပေါင်းစပ်စုဖွဲ့ထားတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ၂၀၂၂ ကမ္ဘာ့ဖလားဝင်ခွင့်မရခဲ့ပေမဲ့ ပြီးခဲ့တဲ့ ခြေစမ်းပွဲငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရ မှာပါ။ ဒါပေမဲ့ နောက်ဆုံးအဝေးကွင်းသုံးပွဲဆက်မှာတော့ တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ချီလီအသင်းဟာ လက်ရှိဥရုဂွေးအသင်းနဲ့ ကစားသမားအင်အားချင်း ကွာဟမှုမရှိပေမဲ့ ထိပ်တိုက်တွေ့ဆုံမှု ၁၂ ကြိမ်မှာတော့ ခြောက်ပွဲရှုံး၊ နှစ်ပွဲသရေ၊ လေးပွဲသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဥရုဂွေးအသင်းအိမ်ကွင်းမှာ တစ်ကြိမ်မှ နိုင်ပွဲမရသေးတဲ့ မှတ်တမ်း ဆိုးလဲရှိနေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းမှာ ဥရုဂွေးအသင်းက ချီလီအသင်းထက် အိမ်ကွင်းတိုက်စစ်ပိုင်း ထက်မြက်မှုရှိနေသလို နည်းစနစ်ပိုင်းနဲ့ အသင်းလိုက်ကစားအားမှာလဲ ဥရုဂွေးအသင်းက အသာရနေတာကြောင့် ဥရုဂွေးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဥရုဂွေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလီဗီးယား | ၀ | - | ၂ | ဥရုဂွေး |
| ဂျပန် | ၁ | - | ၁ | ဥရုဂွေး |
| တောင်ကိုရီးယား | ၁ | - | ၂ | ဥရုဂွေး |
| ဥရုဂွေး | ၄ | - | ၁ | နီကာရာဂွါ |
| ဥရုဂွေး | ၂ | - | ၀ | ကျူးဘား |

**ချီလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆလိုဗက်ကီးယား | ၀ | - | ၀ | ချီလီ |
| ချီလီ | ၃ | - | ၁ | ပါရာဂွေး |
| ချီလီ | ၃ | - | ၀ | ကျူးဘား |
| ချီလီ | ၅ | - | ၀ | ဒိုမီနီကန် |
| ဘိုလီဗီးယား | ၀ | - | ၀ | ချီလီ |

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအရသာရှိ အရသာထူး ဓာတ်မြှင့်ကြည်နူး....

# ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး






ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၂၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ

အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော

နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ

ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ် (၃/၂၀၂၃-၂၀၂၄)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား - ၁.၇၅"×၁.၇၅" ပတ်လည်ရွှေဆိုင်း

(ခ) (၁၀၀)ရွက်ပါရွှေ (၁)ဆိုင်းပေးချေမည့်နှုန်းထား - ၁၀၅,၀၀၀/

(ဂ) ဝယ်ယူမည့်ရွှေဆိုင်းအရေအတွက် - အဆိုင်း (၁၅၀၀၀)

(ဃ) တင်သွင်းရမည့် အာမခံကြေးငွေ - ကျပ်သိန်း (၁၀၀)

(င) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၁၁-၉-၂၀၂၃)

(စ) လျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် - (၁၅-၉-၂၀၂၃)ရက်၊ (၁၆:၀၀)နာရီ

(ဆ) လျှောက်လွှာ(၁)စောင်ဈေးနှုန်း - ကျပ် ၂၀,၀၀၀/-

၂။ တင်ဒါပုံစံများရောင်းချခြင်းနှင့်ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးမင်းအောင် (၅/ဇနန(နိုင်)၀၁၃၁၂၈) - ဒေါ်လွင်လွင်အေး(၅/ဇနန(နိုင်)၀၀၀၅၁၆) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမင်းအောင်နှင့် ဒေါ်လွင်လွင်အေး တို့၏သားဖြစ်သူ **မောင်အောင်မြင့်သူ (ခ)မောင်စိုးသူ(၉/ဇနန(နိုင်)၁၁၅၅၉၉)** သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များ အား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးစိုးဝင်း (LL.B)**

**အထက်တန်းရှေ့နေ(စဥ်-၁၄၉၄၀)**

**အမှတ်(၁)ရပ်ကွက်၊ ငါန်းဇွန်မြို့။**

## ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့၊ ကန်နီကြီးရွာနေ မောင်ကျော်ဇော (ဘ) ဦးခင်မောင် (၉/ညဥ(နိုင်)၀၀၄၅၈၄) ၏ နိုင်ငံကူးလက်မှတ် အမှတ် (M-540609) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၆၄၁၉၇၆၄

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန

အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ကြိုတင်ကာကွယ် မီး အန္တရာယ်

## စာပေမြင့်မှ လူမျိုးတင့်မည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး သုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီး...

❖ မီဒီယာသည် မဏ္ဍိုင်ကြီး သုံးခုကို မယိမ်းယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၅ ရက်တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ပြည်တွင်းသို့ ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Ltd. က တင်သွင်းလာသော Geely Geometry E အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကာကွယ်ရေးဝန်ကြီးဌာန၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများဆောင်ရွက် စာမျက်နှာ - ၁၉

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ခဲ့သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်များ လွယ်လင့်တကူလှူဒါန်းနိုင်ရန် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာစာရင်းအမှတ်ပြောင်းလဲမှု အသိပေးကြေညာခြင်း စာမျက်နှာ - ၂၂

မြန်မာနိုင်ငံ တာတတ်မြှောက်ရေးလှုပ်ရှားမှု ဆောင်းပါး စာမျက်နှာ - ၂၆


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရောဝတီနှင့် သံလွင်မြစ်ရေ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁